ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

(၃၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်**

**( ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျာ။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၀၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ (၃၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၇)ရက်မြောက်နေ့ ၂၃-၉-၂၀၁၆ ရက်နေ့မှာ အစည်းအဝေး

သို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ဣန္ဒြေတော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာဒွေးကြွယ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဒေါက်တာဇော်လင်းထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဂုဏ်အတိုင်း။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးချုပ်သက်နိုင်၊ တပ်မတော်သားကိုယ်စားလှယ်၊ ကျန်းမာရေး။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ သာသနာရေးဝန်ကြီးဌာနနှင့် တွေ့ဆုံရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်နှင့် ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁၂)၊ ဂုဏ်အတိုင်းတို့ ဖြစ်ကြပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ(၉)ဦးဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ (၂၂)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၂)ဦးဖြစ်ပြီး၊ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် (၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဒီအစီအစဉ် မဆောင်ရွက်ခင် ကျွန်တော် ကိုယ်စားလှယ်ကြီးများကို အသိပေးချင်တာ ရှိပါတယ်။ ကျွန်တော်တို့ ဒါမေးခွန်းတွေမှာဆိုရင် ကျွန်တော်တို့ မေးခွန်းက ဥပဒေအရ (၃)မိနစ် ပေးထားပါတယ်။ အခု ကျွန်တော်တို့ ဒီမှာ လုပ်ဆောင်တဲ့အချိန်မှာကြည့်ရင် ကိုယ်စားလှယ်တော်တော်များများက အချိန်မလုံလောက်ရင် ထပ်တိုးပေးပါဆိုပြီးတော့ ပြောဆိုတာ ဒါကလူတိုင်းလိုလို ဖြစ်နေတဲ့အနေအထားရှိပါတယ်။ ဒါ ခုနအချိန် တိုးပေးတာကတော့ ကျွန်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်ပါ။ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ကလည်း ကျွန်တော်တို့ အတွေ့အကြုံနုနယ်သေးတယ်လို့ ကျွန်တော်ကိုယ်တိုင် အပါအဝင်ပေါ့လေ။ ယခင်အခါကတော့ ကျွန်တော်လည်း ငဲ့ညှာပြီးတော့ ကျွန်တော်အချိန်ပိုပေးခဲ့ပါတယ်။ ဒါပေမယ့်လို့ ဥပဒေမှာကတော့ ခုန ကျွန်တော်ပြောတဲ့အတိုင်းပဲ (၃)မိနစ်။ ဆိုတဲ့အခါကျတော့ ဥပဒေပြဋ္ဌာန်းချက်အတိုင်း ကျွန်တော်တို့က ကိုယ်စားလှယ်တော်တွေက ကျင့်ဆောင်ရမှာ လေ့ကျင့်ရမှာပေါ့။ ဒီ(၃)မိနစ်အတွင်း ကိုယ်မေးတဲ့ မေးခွန်း ပြည့်စုံအောင် ဒါလေ့ကျင့်ရမယ့် အနေအထား ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ကိုယ့်မေးခွန်းကို ဒီမှာ လွှတ်တော်မှာ မမေးခင် ကိုယ်နေတဲ့နေရာ ကိုယ့်အခန်းမှာ ကိုယ်ကျင့်လို့ရပါတယ်။ ကိုယ့်အချိန်ကြည့်ပြီးတော့ အခုကျွန်တော်ကတော့ ခုနလိုပေါ့ ကိုယ်စားလှယ်တော်တွေရဲ့ အတွေ့အကြုံ နုနယ်မှုဒါဝန်ခံပြီးတော့ ကျွန်တော်ကိုယ်တိုင် အပါအဝင်ပေါ့။ ဆိုတဲ့အခါကျတော့ အချိန်ပိုပေးတဲ့ အခါကျတော့ ကျွန်တော် ဘယ်လိုတွေးဆမိလဲဆိုတော့ ဒီလို အချိန်ပိုပေးတဲ့အခါကျတော့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ကိုယ့်ရဲ့ခုန ဒီသုံးမိနစ်ဆိုတဲ့ ကန့်သတ်ချက်ကို အချိန်ပိုရတာပဲဆိုပြီးတော့ လေ့ကျင့်မှု မရှိသွားမှာ ကျွန်တော်စိုးရိမ်ပါတယ်။ ဒါကတော့ ဥက္ကဋ္ဌ ခွင့်ပေးတာပဲဆိုပြီးတော့ ကိုယ့်ရဲ့ လေ့ကျင့်မှုလေးတွေ

မလုပ်မှာကို ဒါ ကျွန်တော်စိုးရိမ်မှုရှိပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒါ ကိုယ်စားလှယ်တော်ကြီးများအနေနဲ့ အခမ်းအနားတွေမှာ ဒါ မိန့်ခွန်းမပြောရဘူးလို့လည်း ကျွန်တော်တို့ တွက်ဆလို့မရပါဘူး။ အခမ်းအနားတွေမှာ မိန့်ခွန်းပြောတဲ့အခါမှာ တစ်ခါတည်းသူက ဘယ်လောက်ကြာဆိုပြီးတော့ သတ်မှတ်ပေးပါတယ်။

အဲဒီသတ်မှတ်တဲ့ အချိန်အတွင်းကို ကိုယ်ကလေ့ကျင့်ပြီးတော့ ကိုယ့်မိန့်ခွန်းပြောရပါတယ်။ ဒါကျွန်တော်တို့လည်း ဒါမိန့်ခွန်းပြောတဲ့အခါ ကျွန်တော်တို့ ခုန (၂၁)ရာစုမှာ ကျွန်တော်တို့ အချိန်သတ်မှတ်ပေးလိုက်တယ်။ ဒီသတ်မှတ်ပေးတဲ့အချိန်အတွင်းကို ကျွန်တော်တို့ကဝင်အောင် မိန့်ခွန်းကို ကျွန်တော်တို့ စီစဥ်ဆောင်ရွက်ရပါတယ်။ အဲဒါကြောင့်မို့ ကိုယ်စားလှယ်တော်ကြီးများကို ကျွန်တော် အသိပေးချင်တာက ဒီဥပဒေက သုံးမိနစ်သတ်မှတ်ထားတဲ့အချိန်မှာ သုံးမိနစ်အတွင်း ပြီးအောင် လေ့ကျင့်ကြဖို့ ကျွန်တော်ပြောကြားလိုပါတယ်။ ဘာလို့လဲဆိုတော့ ခုန ကျွန်တော်က နားလည်မှုနဲ့ ခွင့်ပေးခဲ့တော့ ဒီလေ့ကျင့်မှုပေါ့သွားစိုးလို့ ကျွန်တော် အသိပေးခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ခုန နောက်တစ်ခါ ကျွန်တော် ဒီမှာ ကျွန်တော်အမြဲတမ်းကြည့်နေတယ်။ ဒီ ကျွန်တော်တို့ စပြီးတော့ မေးခွန်းမေးဖို့ ခေါ်လိုက်တဲ့အခါမှာ ထပြီးတော့စပြောမယ့်အချိန်နဲ့ ရှေ့ပလ္လင်ခံတာနဲ့က အနည်းဆုံးတစ်မိနစ်လောက် ရှိပါတယ်။ (၄၅)စက္ကန့်လောက် ကျွန်တော်တို့ဒီမှာကြည့်ကြည့်ထားတယ်။ (၄၅)စက္ကန့်လောက်ကိုရှိပါတယ်။ ဆိုတဲ့ခါကျတော့ ကျွန်တော်တို့ မေးခွန်းမေးချိန်က သုံးမိနစ်၊ ဒီမှာတင် ပလ္လင်ခံတာနဲ့တင် တစ်မိနစ်လောက်သွားတယ်ဆိုတော့ ကျန်တဲ့မေးခွန်းမေးချိန်က အလွန်နည်းသွားတဲ့ အနေအထားရှိပါတယ်။ ဒါကြောင့် အဲဒီဟာတွေပါ ချင့်ချိန်ပြီးတော့ ကျွန်တော်တို့ ဒီ သုံးမိနစ်အတွင်း ကိုယ့်မေးခွန်းကို ပြီးပြတ်နိုင်အောင်လေ့ကျင့်ကြပါ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒါအလေ့အကျင့်ရမှလည်း ကျွန်တော်တို့ဒါ ရှေ့ဆက်လုပ်လို့ရမှာ။ ကျွန်တော်တို့ အလေ့အကျင့်မရှိဘဲဆို ဒီအတိုင်းသွားနေလို့ရှိရင် အကျင့်ကြီးပါသွားမှာစိုးလို့ ကျွန်တော် ဒါ အသိပေးခြင်းဖြစ်ပါတယ်။ အဲဒီကြောင့် နောက်မေးခွန်းတွေမေးတဲ့အခါမှာ သုံးမိနစ်အတွင်း ကိုယ့်မေးခွန်းကို ပြီးအောင်မေးဖို့ လေ့ကျင့်ကြပါ။ ကျွန်တော်နောက်ဆိုရင် သုံးမိနစ်ထက် ပိုပြီးတော့ပေးမှာ မဟုတ်ဘူးလို့ ကျွန်တော် ကြိုတင်အသိပေးပါတယ်။

**နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးတို့အရ ပြည်ပထွက်ခွာ မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ဥပဒေအရ ပြန်လည်နေထိုင်ခွင့် ရရှိရေးအတွက် မြန်မာနိုင်ငံသား ဥပဒေပါ ပုဒ်မအချို့ကို ပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးရေးနှင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနိုင်ခွင့်ပေးထား၍ လျှောက်ထားရာ၌ စိစစ်ပြီး လက်ခံနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း က နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးတို့အရ ပြည်ပထွက်ခွာ မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ဥပဒေအရ ပြန်လည်နေထိုင်ခွင့် ရရှိရေးအတွက် မြန်မာနိုင်ငံသားဥပဒေပါ ပုဒ်မအချို့ကို ပြုပြင်ပြောင်းလဲ ဖြေလျှော့ပေးရေးနှင့် မြန်မာနိုင်ငံသားအဖြစ် ပြန်လည်လျှောက်ထားနိုင်ခွင့်ပေးထား၍ လျှောက်ထားရာ၌ စိစစ် လက်ခံနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လျက်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ပြည်ထောင်စုဝန်ကြီးတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နဲ့ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်၊ ဦးအောင်သိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးလိုတဲ့မေးခွန်းကတော့ ဥက္ကဋ္ဌကြီး စောစောက မေးခွန်းကို ဖြေကြားသွားတဲ့အတိုင်းပဲ ဆိုရမှာဖြစ်ပါတယ်။ အချိန်ကိုလုံလောက်အောင် ကြိုးစားသော်လည်း အနည်းငယ်လိုအပ်ပါက ဖြည့်ပေးဖို့လည်း ထပ်မံတောင်းဆိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီတစ်နေ့တော့ ကျွန်တော်ခွင့်ပြုမယ်။ နောက်ရက်တွေဆို ကျွန်တော်ခွင့်မပြုဘူး။ ကျွန်တော်ပြောထားတာနော်၊ ပြင်ဆင်ထား။

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ယနေ့ လူထုဆန္ဒနှင့်အညီ အရပ်သားအစိုးရသစ်ပေါ်ပေါက်လာပြီးတော့ ဒီမိုကရေစီလမ်းကြောင်းမှန်ပေါ်ကို ရောက်ရှိအောင် ချီတက်လျက်ရှိနေပါတယ်။ ယခင်ခေတ်မှာ ကွဲပြားခြားနားတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစနစ်များ ဟန်ချက်မညီနိမ့်ကျသွားမှုများကြောင့် သဘောထားရည်ရွယ်ချက်များ မတူတော့တဲ့အတွက် မိမိတို့ဘဝလုံခြုံစိတ်ချရမှု ရှိနိုင်မယ်လို့ယူဆတဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ တတိယနိုင်ငံများကို သွားရောက်အခြေချနေထိုင်သူများ ရှိလာခဲ့ပါတယ်။ အဲဒီ လူများအနက်က များစွာတဲ့ပုဂ္ဂိုလ်တွေဟာ မြန်မာနိုင်ငံသားဖြစ်ခဲ့ဖူးသူ၊ ဒါမှမဟုတ် တိုင်းရင်းသား မိဘနှစ်ပါးမွေးဖွားခဲ့သူများဖြစ်တဲ့အတွက် မြန်မာနိုင်ငံဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ကနဦးကာလမှာပင် ဥပဒေအရ ပြည်တွင်းကို ပြန်လာနေထိုင်လိုသူများ ရှိနေကြပါတယ်။ သူတို့ဟာ ပြည်ပနိုင်ငံများမှာ နှစ်ပေါင်းများစွာ ဓလေ့စရိုက်ချင်း၊ သဘာဝချင်း မတူညီမှုအပေါ် ရင်ဆိုင်ကြရပြီး ကာယ၊ ဉာဏကို အခြေခံကာ လေ့လာဆည်းပူးသင်ယူတတ်ကျွမ်းခဲ့တဲ့ ပညာရပ်တို့နဲ့ အမိမြန်မာနိုင်ငံတော်အတွက် ပြန်လည်အလုပ်အကျွေးပြု ပေးဆပ်ချင်သူများလည်း ရှိနေကြပါတယ်။

နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးငှာ ပြည်ပကမ္ဘာရဲ့ ကောင်းမွန်တဲ့ လက်တွေ့ကျတဲ့ နည်းပညာ၊ အတတ်ပညာရှင်တွေကို ဖိတ်ခေါ်ကြိုဆိုရမှာ ဖြစ်ပါတယ်။ နှောင်းခေတ်ကာလမှာ ပျောက်ကွယ်တိမ်မြုပ်တော့မယ်စဲစဲ ပင်လုံညီလာခံ၊ ဒါမှမဟုတ် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ (၂၁)ရာစု ပင်လုံညီလာခံ ပြန်လည်ရှင်သန်လာပြီးတော့ ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်နိုင်ရေး၊ တိုင်းရင်းသားပြည်သူများရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့်၊ ဖက်ဒရယ်မူအရ ဆောင်ရွက်ရာမှာ အားလုံးပါဝင်နိုင်ရေးကို အခြေခံပြီး လက်နက်ကိုင်အဖွဲ့အစည်းများကိုပင် အလေးထားဖိတ်ခေါ်ဆွေးနွေးနိုင်ပါလျက်နဲ့ ပြည်ပထွက်ခွာ မြန်မာနိုင်ငံသားများ ပြည်တွင်းကို ဥပဒေအရ ပြန်လည်အခြေချနေထိုင်နိုင်ရေးကိစ္စကို တံတိုင်းကြီးသဖွယ် တားမြစ်ထားလျက်ရှိတဲ့ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၁၆၊ ပုဒ်မ ၂၂ နဲ့ လုပ်ထုံးလုပ်နည်း ဥပဒေအချို့ကို ဖြေလျှော့ပြင်ဆင်ပေးရန်အခါက လိုအပ်လျက်ရှိပါတယ်။ နှောင်းတစ်ခေတ်က ကျွန်တော်တို့နိုင်ငံဟာ တစ်ပါတီအာဏာရှင်စနစ် ကြီးစိုးခဲ့တဲ့ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ပထမဆုံးသမ္မတကြီးဟာ နှစ်ပေါင်းအတန်ကြာ

ပြည်ပနိုင်ငံကို အပြီးအပိုင်သွားနေသည့် ဗမာလူမျိုး နိုင်ငံခြားသူအမျိုးသမီးတစ်ဦးကို လက်ထပ်ထိမ်းမြားလိုတဲ့အတွက် မြန်မာနိုင်ငံအတွင်းကို ခေါ်ယူခဲ့ရာမှာ လူဝင်မှုကြီးကြပ်ရေးဥပဒေအချို့ကို ရက်သတ္တပတ် တရားဝင်ဆိုင်းငံ့ ဖြေလျှော့ပေးထားလိုက်တဲ့ သာဓကတွေ ရှိခဲ့ဖူးပါတယ်။ ဒါဟာ အာဏာရှိသူက ဥပဒေကို လိုသလို လုပ်နိုင်တယ်ဆိုတာကို ပြသွားတာပါ။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန၊ အမိန့်အမှတ် ၁/၉၉ အရ ၁၉၀၇ ခုနှစ်၊ မြို့ပြနှင့် ရပ်/ကျေးအက်ဥပဒေ ပြဋ္ဌာန်းရာမှာ ပြဋ္ဌာန်းချက်အချို့ကိုဘယ်လိုပြင်ဆင်မယ်၊ ဘယ်လို ဖြည့်စွက်မယ်၊ ပယ်ဖျက်သင့်တာတွေကို ပြန်လည်စိစစ်သုံးသပ်လျက်ရှိနေစဉ်မှာ မြို့ပြနှင့် ရပ်/ကျေးတွေမှာ လုပ်အားပေးဆင့်ဆိုနိုင်ခွင့် ပုဒ်မနဲ့ ပြည်သူများကို လိုက်နာရမယ်ဆိုတဲ့ ဥပဒေပုဒ်မတွေကို ကျင့်သုံးခြင်း မပြုရန် ညွှန်ကြားတဲ့အမိန့် ထုတ်ခဲ့ဖူးပါတယ်။ ဒါဟာ အများပြည်သူအကျိုးနှင့် သက်ဆိုင်တဲ့ ညွှန်ကြားချက်ဖြစ်ပါတယ်။ ခြုံငုံတင်ပြရရင် ဒါတွေဟာ ပြဋ္ဌာန်းဥပဒေတွေကို အခြေအနေပေါ်မူတည်ပြီး နောက်က လိုက်ပြီး ဖြေလျှော့ပြင်ဆင်ပေးရတာတွေ ရှိတယ်ဆိုတာပါပဲ။ အခြားနိုင်ငံတို့မှာ အတိုက်အခံပါတီက အနိုင်ရပြီး အပြောင်းအလဲဖြစ်ပေါ်ကာ နိုင်ငံရေးအကျဉ်းသားရှိသည်ကို အသိအမှတ်ပြုနိုင်ရေးနဲ့ ပြည်ပရောက်နိုင်ငံသားဟောင်းများကို ပြန်လည်ခေါ်ယူနိုင်ရေးလိုအပ်တဲ့ ဥပဒေ၊ ညွှန်ကြားချက်၊ အမိန့်များ ထုတ်ပြန်လေ့ရှိကြရာမှာ နမူနာအားဖြင့် အရှေ့တီမောလွတ်လပ်ရေးအတွက် ပြည်ပနိုင်ငံများကို စည်းရုံးလှုံ့ဆော်ခဲ့တဲ့ သြစတြေးလျနိုင်ငံမှာ နိုင်ငံရေးခိုလှုံခွင့်ရသူ Jose-Ramos-Hoita ကို ပြည်တွင်းကို ပြန်ခေါ်ပြီး နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း၊ ထို့အတူ ဂျော်ဂျီယာနိုင်ငံမှာလည်း ၂၀၁၂ ခုနှစ်၊ ရွေးကောက်ပွဲမှာ အတိုက်အခံပါတီက အနိုင်ရခဲ့ပြီး နိုင်ငံရေးအကျဉ်းသားရှိသည်ကို အသိအမှတ်ပြုပြီး နိုင်ငံရေးအရ ပြည်ပထွက်ခွာသူများကို ပြန်ခေါ်ရေးဆောင်ရွက်ချက်များ ရှိခဲ့ရာ အာဖရိက၊ အိုင်ယာလန်နဲ့ ချက်ပြည်သူ့သမ္မတနိုင်ငံ အစရှိတဲ့အာဏာရှင်မှ ဒီမိုကရေစီ အပြောင်းအလဲဖြစ်တဲ့ နိုင်ငံတွေမှာ အလားတူဖြစ်ရပ်များ ပေါ်ထွန်းခဲ့ပါတယ်။

၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေမှာ မြန်မာနိုင်ငံသားအဖြစ် ရပ်စဲသွားသူတို့ အနေနဲ့ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူလိုပါက ပုဒ်မ ၈(က)နှင့် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံတော်သမ္မတ ဒါမှမဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့ဟာ နိုင်ငံတော်အကျိုးငှာ မည်သူ့ကိုမဆို နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူအဖြစ် သတ်မှတ်ပေးနိုင်ကြောင်း ဖွင့်ဆိုထားချက်ရှိပါတယ်။ ယင်းပြဋ္ဌာန်းချက်အရဆိုရင် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးအပေါ်မူတည်ပြီး ပြည်ပတွင် သွားရောက်နေထိုင်ကြတဲ့ မြန်မာနိုင်ငံသားအဟောင်းများက ပြည်တွင်းကို ပြန်လည်နေထိုင်လိုကြောင်း လျှောက်ထားလာပါက စိစစ်လက်ခံပေးနိုင်ခြင်း ရှိ/မရှိ သိလိုခြင်းဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အခုမေးခွန်းမေးမြန်းသွားတာနဲ့ ပတ်သက်ပြီး (၆)မိနစ် ကြာပါတယ်။ နောက်ဆိုရင် ကျွန်တော်တို့အစီအစဉ်မှာ သတ်မှတ်ထားတာ (၃)မိနစ်ပါ။ နောက်ရက်တွေဆို ကျွန်တော် ခွင့်ပြုမှာမဟုတ်တော့ပါဘူး။ ကိုယ့်မေးခွန်းကို တစ်ခါတည်းစီစဉ်လာခဲ့ပါ။ (၃)မိနစ် အတွင်းဝင်အောင်။

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဦးသိန်းဆွေ (ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ တက်ရောက်လေ့လာသူများနဲ့ ပြည်ထောင်စုအဆင့်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ကျွန်တော်တို့ မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ဥက္ကဋ္ဌကြီးက တစ်ဆင့် ဖြေကြားပါမယ်။ ကျွန်တော်တို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန အနေနဲ့ ကျွန်တော်တို့ လက်ရှိတည်ဆဲ ဥပဒေများအရ ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများကို ကျွန်တော်တို့ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ပြီးတော့မှ စိစစ်လက်ခံလျက်ရှိပါတယ်။

ဒ့ါအပြင် မြန်မာနိုင်ငံသားအဟောင်းများနဲ့ နိုင်ငံခြားသားများကိုလည်းပဲ ပြည်တွင်းမှာအမြဲတမ်းနေထိုင်ခွင့် ကျွန်တော်တို့ (Permanent Residence System) နဲ့လည်းပဲ ကျွန်တော်တို့ စီစဉ်ပြီးတော့မှ ဒီနည်းလမ်း(၂)ခုနဲ့ လက်ရှိတည်ဆဲဥပဒေများအရ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ ပြည်ပနိုင်ငံသားအဖြစ်ခံယူထားတဲ့ မြန်မာနိုင်ငံသားဟောင်းများနဲ့ ပြည်ပကာလမှာ ကြာရှည်စွာနေထိုင်ခဲ့ပြီးတော့မှ နိုင်ငံသား မစွန့်လွှတ်ကြသေးသူများကို ကျွန်တော်တို့ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားလာတယ်ဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာနိုင်ငံသားအဖြစ် သတ်မှတ်ထားတဲ့ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီးတော့မှ ပြည်ထောင်စုအစိုးရအဖွဲ့ အတည်ပြုချက်နဲ့ ကျွန်တော်တို့ ခွင့်ပြုပေးလျက်ရှိပါတယ်။

၂၀၁၃ ခုနှစ်ကစပြီးတော့မှ မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုရန် လျှောက်ထားသူများကို စတင်ပြီးတော့မှ လက်ခံဆောင်ရွက်ခဲ့ပါတယ်။ လျှောက်ထားသူ (၁၉၈)ဦး ရှိပါတယ်။ (၁၄၃) ဦးကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ကိုင်ဆောင်သင့်တဲ့ လက်မှတ်တစ်မျိုးမျိုးကို စိစစ်ထုတ်ပေးပြီးဖြစ်ပါတယ်။ ကျန်ရှိသူများကိုလည်း ထပ်မံပြီးတော့မှ စိစစ်နေဆဲဖြစ်ပါတယ်။ အလားတူပါပဲ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေဖို့အတွက် မြန်မာနိုင်ငံတွင်လာရောက်အခြေချလိုတဲ့ ပြည်ပမှာရှိတဲ့ နိုင်ငံသားဟောင်းများ၊ နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် ရင်းနှီးမြှုပ်နှံလိုသူများ၊ မြန်မာနိုင်ငံသားနှင့် ဆက်စပ်လျက်ရှိတဲ့ နိုင်ငံခြားသားများက လျှောက်ထားလာပါကလည်း စိစစ်ခွင့်ပြုနိုင်ဖို့အတွက်ကို ကျွန်တော်အထက်က တင်ပြတဲ့အတိုင်း မြန်မာနိုင်ငံမှာ နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်စနစ် (Permanent Residence System) နဲ့လည်း ကျွန်တော်တို့ လက်ခံဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီ မြန်မာနိုင်ငံမှာ နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့် စီမံခန့်ခွဲမှုကော်မတီကိုလည်း ဖွဲ့စည်းထားပါတယ်။ ဒါ့အပြင် နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်ဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီနဲ့ နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီများကိုလည်းပဲ သမ္မတရုံးက ဖွဲ့စည်းပြီးတော့မှ လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက် လျက် ရှိပါတယ်။ အဲဒီကော်မတီအနေနဲ့ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့က စပြီးတော့မှ ဒီ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့အထိ သက်ဆိုင်ရာ အမျိုးအစားအလိုက် လျှောက်ထားသူ စုစုပေါင်း (၃၁၉)ဦး ရှိပါတယ်။ အဲဒီအထဲက (၂၆၄)ဦးတို့ကို သတ်မှတ်လုပ်ထုံး လုပ်နည်းများနှင့်အညီ ကျွန်တော်တို့ နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်လက်မှတ် ထုတ်ပေးနိုင်ရေး ကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီး လျှောက်ထားလာသူများရှိရင် မြန်မာ နိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ရှိရေး၊ နိုင်ငံခြားသား အမြဲတမ်းနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ လုပ်ငန်း များနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးခဲ့တဲ့ ကျွန်တော်တို့ ဥပဒေများကို ပြင်ဆင်ရ မယ့် ကိစ္စကတော့ ကျွန်တော်တို့ လွှတ်တော်များရဲ့ တာဝန်ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး အနေနဲ့ အထက်က ဆွေးနွေးခဲ့တဲ့ မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၆၊ ၂၂ အပါအဝင် ပြင်ဆင်နိုင်တဲ့ ပုဒ်မများရှိရင်လည်းပဲ ညှိနှိုင်းဆောင်ရွက်ပြီးတော့မှ ကျွန်တော်တို့က အပြည့်အဝ ခေတ်နှင့်လျော်ညီတဲ့ ဥပဒေဖြစ်အောင် ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်သွားပါမယ်လို့ တင်ပြလိုပါတယ်။ ဒါ့မှမဟုတ် ဌာနမှာရှိတဲ့ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နဲ့ ညွှန်ကြားချက်များကို ဖြေလျှော့ပေးဖို့ လိုအပ်တယ် ဆိုရင်လည်းပဲ ဘယ်လုပ်ထုံးလုပ်နည်းတွေ၊ ဘယ်အမိန့်နဲ့ ညွှန်ကြားချက်များဟာ အကန့်အသတ်တွေ ဖြစ်နေတယ်လို့ တိတိကျကျ ကျွန်တော်တို့ကို ပြောပေးမယ်ဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ နိုင်ငံသားများရဲ့အကျိုးကို ရှေးရှုပြီးတော့မှ သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းပြီးတော့မှ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ ဖြေကြားအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်အတွင်း Ooredoo (အူရီဒူး) တာဝါတိုင်များ စိုက်ထူထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်အတွင်း Ooredoo (အူရီဒူး)တာဝါတိုင်များ စိုက်ထူထားခြင်းသည် ဥပဒေနှင့် ညီညွတ်မှု ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကျောက်ဖြူမြို့နယ်တွင် Ooredoo (အူရီဒူး)တာဝါတိုင်များ စိုက်ထူထားခြင်းသည် ဥပဒေနှင့်အညီ ရှိ/မရှိကို စပ်လျဉ်းပြီး မေးမြန်းသွားမယ့် မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်သည် မကြာခဏ လေမုန်တိုင်း တိုက်ခတ်သည့် ဒေသတစ်ခုဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါကြောင့် အထပ်မြင့် အဆောက်အဦများကို မဆောက်ကြဘဲ ရှိကြပါတယ်။ ယခုတည်ဆောက်ထားသော တာဝါတိုင်(၂)ခုသည် လူနေအိမ်များ ထူထပ်သည့်နေရာတွင် တည်ဆောက်ထားသဖြင့် အနီးပတ်ဝန်းကျင်ရှိပြည်သူများသည် မည်သည့်အချိန်တွင် မုန်တိုင်းတိုက်ပြီး ပြိုကျလာမည်နည်းဆိုသော အတွေးများနှင့်အတူ စိုးရိမ်ကြောင့်ကြစွာ နေထိုင်ရပါသည်။ ထိုနည်းတူစွာပဲ မြုံးပြင်ကျေးရွာရှိ တာဝါတိုင်များသည်လည်း ရွာလယ်တွင် တည်ထားခြင်းကြောင့် နေ့စဉ်နှင့်အမျှ စက်သံများ ဆူညံမှုဒဏ်ကို ရွာသူ၊ ရွာသားများ ခံစားနေရပါတယ်။ သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများ ပို၍ကျန်းမာရေးထိခိုက်လာသည်ဟု ဆိုကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကိုယ်တိုင် ၎င်းဒေသသို့ ရောက်ရှိခဲ့စဉ်တွင် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် တင်ပြလာသည်မှာ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများသို့ တင်ပြခဲ့သော်လည်း တစ်စုံတစ်ရာပြုလုပ်ပေးခြင်းမရှိဟု ပြောလာပါတယ်။ သက်ဆိုင်ရာအာဏာပိုင်များသည် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်ဘေးအန္တရာယ်ကို ထည့်မတွက်ဘဲ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုသည့်သဘောမျိုးဖြင့် ဒေသခံပြည်သူများ ဆန္ဒမပါဘဲ ခွင့်ပြုထားသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်ပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းလိုသည်မှာ တာဝါတိုင်များ စိုက်ထူထားခြင်းသည် ဥပဒေနှင့်အညီ ရှိ/မရှိ။ မရှိပါက မည်သည့်အချိန်တွင် ဖျက်သိမ်းပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ ကျောက်ဖြူမြို့နယ်အတွင်း Ooredoo တာဝါတိုင်များ စိုက်ထူခြင်းဟာ ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ။ မရှိက မည်သို့ဖျက်သိမ်းမည်ဆိုတဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုး က (၂)ပိုင်းဖြင့် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ပထမပိုင်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ ကျောက်ဖြူမြို့ပေါ် ရပ်ကွက်ဖြစ်တဲ့ အနောက်ပိုင်းရပ်ကွက် တာဝါတိုင်ကို ရပ်ကွက်နေပြည်သူများမှ လေမုန်တိုင်း တိုက်ခတ်ပါက ကျိုးကျပြီး အိမ်များပေါ်သို့ကျရောက်ကာ အသက်အန္တရာယ်ရှိကြောင်း တိုင်ကြားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာ ဖြစ်ပါတယ်။ အဲဒီ ကျောက်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်မှာ Irrwaddy Green Towers ကုမ္ပဏီက Ooredoo တာဝါတိုင်ကို တည်ဆောက်ခဲ့ရာမှာ မြေပိုင်ရှင်နှင့် တကွ ဘေးပတ်ဝန်းကျင်ကပ်လျက်ရှိသော အိမ်နီးနားချင်းများ ကန့်ကွက်ရန်မရှိကြောင်း ၂၂-၁၂-၂၀၁၅ ရက်နေ့မှာ သဘောတူလက်မှတ်ရေးထိုးပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးက ၄-၂-၂၀၁၆ ရက်နေ့မှာ ထပ်ဆင့် လက်မှတ်ရေးထိုးခဲ့သည့်အပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှလည်း ၁၇-၂-၂၀၁၆ ရက်စွဲပါ စာဖြင့် ထပ်ဆင့်ထောက်ခံချက် ထုတ်ပေးခဲ့ပါသဖြင့် ကျွန်တော်တို့ရဲ့ ၂၀၁၃ ခုနှစ်၊ ဆက်သွယ်ရေး ဥပဒေပုဒ်မ (၄၁) နဲ့ ၂၀၁၄ ခုနှစ်၊ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေအမှတ် (၂၈) တို့နှင့် လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက် အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်လည်းကောင်း ညီညွတ်စွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

အခု တိုင်ကြားတဲ့သူများအနေနဲ့လည်း ကျွန်တော်တို့ တာဝါတိုင်တည်ဆောက်ပြီး (၁၀၀) ရာခိုင်နှုန်းပြီးစီးပြီး နောက်မှသာ တိုင်ကြားလာခြင်းဖြစ်ပါတယ်။ တာဝါတိုင်တည်ဆောက်တဲ့ ကုမ္ပဏီ၏ တာဝန်ခံက တိုင်ကြားသူများကိုခေါ်ယူပြီး တာဝါတိုင်၏ ခိုင်ခံ့မှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနှင့် ရေဒီယိုလှိုင်းကြောင့် ကျန်းမာရေးထိခိုက်မှုတို့ မဖြစ်ပေါ်စေရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ဝင်ရောက်လေ့လာနိုင်ကြောင်းကို ၂၄-၆-၂၀၁၆ ရက်နေ့တွင် Power Point ဖြင့် ရှင်းလင်းပြသခဲ့သည့်အပြင် မြို့နယ်အဆင့်မှလည်း (၂)ကြိမ်တိုင်တိုင် ခေါ်ယူတွေ့ဆုံ ညှိနှိုင်းဖြေရှင်းပေးခဲ့ကြောင်း သိရှိရပါတယ်။ ဒါပေမယ့်လည်း တိုင်ကြားသူများဘက်မှ ကျေနပ်မှု မရှိသေးကြောင်း ကျွန်တော်တို့ သိရှိရပါတယ်ခင်ဗျား။

တကယ်တမ်းမှာ ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်တဲ့နေရာမှာ အမြင့်ဆုံး လေတိုက်နှုန်း (၁)နာရီလျှင် (၁၄၅)မိုင်အထိ ခံနိုင်ရည်ရှိရန်၊ ဒီနေရာမှာ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ဝင်ရောက်ခဲ့တဲ့ မုန်တိုင်းကြီးတွေဖြစ်တဲ့ Nargis(နာဂစ်) တို့၊ Girs(ဂီရိ) တို့တုန်းကတော့ အမြင့်ဆုံးက (၁)နာရီ (၁၃၅)မိုင်ရှိခဲ့ပါတယ်ခင်ဗျား။ မြေပြင်အနေအထားအရ သင့်လျော်တဲ့ Foundation/Design များ အတိုင်း နိုင်ငံတကာသတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ဆက်သွယ်ရေးကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားတဲ့ ကုမ္ပဏီတွေကို ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခွင့်ပြုထားတာ ဖြစ်ပါတယ်ခင်ဗျား။

ဒုတိယပိုင်းအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြခဲ့တဲ့ ရတနအုပ်စု၊ မြုံးပြင်ကျေးရွာ မှာလည်း ရွာထဲတာဝါတိုင် စိုက်ထူထားခြင်းသည် သက်ကြီးရွယ်အိုနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ အိပ်မပျော်သဖြင့် ကျန်းမာရေးကိုပါထိခိုက်ကြောင်း၊ စက်မြည်သံကို နားမခံနိုင်ဖြစ်၍ စက်ကိုရွာအပြင် တွင် ထားရှိရန် ပြောကြားကြသည့် ကိစ္စနှင့်စပ်လျဉ်း၍ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါ တယ်။ မြုံးပြင်ကွင်းမှာ Edotco ကုမ္ပဏီက Ooredoo တာဝါတိုင်တည်ဆောက်ရေးနဲ့ စပ်လျဉ်းပြီး တော့ ၂၂-၄-၂၀၁၅ ခု ရက်စွဲပါစာဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၃၀-၄-၂၀၁၅

ရက်စွဲပါစာဖြင့် မူအရသဘောတူပြီး ကွင်းဆင်း၍ သက်ဆိုင်ရာလူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ကုမ္ပဏီတို့ ညှိနှိုင်းပြီးမှသာ ဆောင်ရွက်ရန်၊ တည်ဆောက်မည့် မြေနေရာပိုင်ဆိုင်သူ၊ ဘေးပတ်ဝန်းကျင် ကပ်လျက်ရှိသော အိမ်နီးနားချင်းမှလည်း ကန့်ကွက်ရန်မရှိကြောင်း သဘောတူလက်မှတ်ထိုး၍ ကျေးရွာ အုပ်ချုပ်ရေးမှူးကလည်း ထပ်ဆင့်လက်မှတ်ရေးထိုးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ထပ်ဆင့်ထောက်ခံချက်တို့ဖြင့် အထက်ဖော်ပြခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ စည်းမျဉ်းစည်းကမ်း များနှင့်အညီ တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်ခင်ဗျား။

အဲဒီတိုင်ကြားသူများနှင့် တာဝါတိုင်တည်ဆောက်သော ကုမ္ပဏီတို့ကို ၂၉-၆-၂၀၁၆ ရက်နေ့ မှာ ရခိုင်ပြည်နယ်အာဏာပိုင်များက ခေါ်ယူတွေ့ဆုံပြီး အင်ဂျင်စက်သံ ဆူညံမှု၊ တုန်ခါမှုဖြစ်နေခြင်း တို့ကို ပြန်လည်စိစစ် ဖြေရှင်းပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်ခင်ဗျား။ ထို့အပြင် အဲဒီဒေသမှာ လျှပ်စစ်မီးမရရှိသဖြင့် (50) KVA မီးစက်ကို အသုံးပြုရပါသဖြင့် ပတ်ဝန်းကျင် ဆူညံမှုမဖြစ်စေရန် နေ့ပိုင်းတွင် မီးစက်ကိုမောင်းနှင်စေပြီး၊ ညပိုင်းမှာတော့ဘက်ထရီစနစ်ကို အသုံးပြုစေသည့်အပြင် သုံးစွဲမှု သက်တမ်းကျော်လွန်နေသည့် မီးစက်အား အသံထိန်းစနစ်ပါဝင်သည့် မီးစက်ဖြင့် အစားထိုး လဲလှယ်သုံးစွဲရေးကို ရာသီဥတုနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေအရ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ နောက်ပိုင်းမှ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

Power Point သုံးပုံလေးပဲ ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ကျောက်ဖြူမြို့နယ် အတွင်းမှာ ဆိုရင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဖွင့်လှစ်ပြီး စခန်း(၁၇)ခုနဲ့ တည်ဆောက်ရန်လျာထားတဲ့ စခန်း(၄)ခု။ တယ်လီနောမြန်မာလီမိတက်က ဖွင့်လှစ်ပြီး စခန်း(၁၄)ခုနှင့် အူရီဒူးမြန်မာက ဖွင့်လှစ်ပြီး စခန်း(၁၂)ခု၊ တည်ဆောက်ဆဲစခန်း(၁)ခု အူရီဒူးတို့ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ မြားအဝါ ဒီဟာတွေအားလုံးဟာ ကျွန်တော်တို့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနဲ့အညီ ဆောင်ရွက်ခွင့်ပြုခဲ့တာဖြစ်ပါ တယ်။ ကျွန်တော်တို့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လကုန်အထိ တစ်နိုင်ငံလုံးမှာ ဆက်သွယ်ရေးတာဝါတိုင် စုစုပေါင်း (၁၃၄၉၁)ခု ကျွန်တော်တို့ တည်ဆောက်ခဲ့ပြီး ဖြစ်ပါတယ်ခင်ဗျား။ နောက်ဆုံးအနေနဲ့ ကျွန်တော် တင်ပြရရင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ရခိုင်ပြည်နယ်အတွင်းသာမက အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးတို့မှာ ဆက်သွယ်ရေး ကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိထားတဲ့ ကုမ္ပဏီများကို တာဝါတိုင်များ တည်ဆောက်ခွင့်ပြုတဲ့နေရာမှာ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေနဲ့အညီ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ ဒေသခံပြည်သူ လူထုများထံသို့ တင်ပြညှိနှိုင်း၍ သဘောတူခွင့်ပြုချက် ရရှိပြီးပါက ဌာနမှသတ်မှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများအတိုင်း ဆောင်ရွက်ခွင့်ပြုလျက်ရှိပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲ လိုရင်းကိုမေး ရတယ်။

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ အုပ်ချုပ်ရေးမှူးအပါအဝင် အိမ်နီးနားချင်း ဒေသခံတွေကပါ သဘောတူပြီးတော့မှ၊ လက်မှတ်ထိုးပြီးမှ ပေးတယ်ဆိုတဲ့ဟာ မဟုတ် ပါဘူးခင်ဗျား။ ဒီလူတွေကို အသုံးချတာ၊ ဘယ်လိုအသုံးချသလဲဆိုတော့ အဲဒီမှာ ဘင်္ဂလီတွေနေတဲ့

အိမ်တွေမှာလာနေတဲ့ လူတွေက အိမ်ပိုင်၊ ယာပိုင်မဟုတ်ပါဘူး။ အဲဒီလူတွေကို အသုံးချပြီးတော့မှ လက်မှတ်ထိုးခြင်းသာ ဖြစ်ပါတယ်။ ကျွန်တော်တို့အထက်ကလည်းပဲ ကျွန်တော်တို့ အောက်ခြေက ပြောတာတွေကိုပဲ လိုက်ပြီးလုပ်နေတဲ့အတွက် ယခင်အတိုင်းပါပဲဆိုတာကို ပြည်သူတွေထဲမှာ ခံစားနေရပါတယ်။ ကျွန်တော်တို့ဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူတွေက ရွေးချယ်ထားတဲ့ ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် ပြည်သူတွေရဲ့အသံကို လွှတ်တော်က နားထောင်ဖို့လိုအပ်ပါတယ်။ မြုံးပြင်ကျေးရွာမှာလည်းပဲ ရွာသားတွေက သဘောတူညီတယ်ဆိုတာ မဟုတ်ပါဘူးခင်ဗျား။ ကျွန်တော် ရဲရဲကြီး တာဝန်ခံပါတယ်။ ဒီလိုပဲ အောက်ခြေက လိမ်ညာပြီးတော့မှ ပြောနေတာတွေကို ပြည်ထောင်စုအဆင့်ဝန်ကြီးတွေက အောက်ခြေကပြောတဲ့အတိုင်း ဖြေနေတာသည်ပင် ပြည်သူကို မလေးစားရာ ကျတယ်လို့။

**ဥက္ကဋ္ဌ**။ ။ လိုရင်းကိုမေး။ ခင်ဗျား ဒါ မေးခွန်းမဟုတ်တော့ဘူး။ ခင်ဗျားက ဝေဖန်တာ ဖြစ်သွားပြီ။

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဒါကြောင့်မို့လို့အောက်ခြေထိ ဆင်းပြီးတော့မှ ကျွန်တော်တို့ လေ့လာသင့်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးဖြေသွားတဲ့ မေးခွန်းသည် လုံးဝ မှန်ကန်မှုမရှိကြောင်းနဲ့ နောက်ထပ် ဒီပြဿနာများဟာ ဆက်လက်ပြီးတော့ ပေါ်လာမယ်ဆိုတာကို တင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖြေနိုင်ရင်ဖြေ ဝန်ကြီး။ မဖြေနိုင်ရင်ရတယ်။

**ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ဟုတ်ကဲ့ခင်ဗျ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားတဲ့ဟာက ကျွန်တော့်အနေနဲ့က ပြည်သူများရဲ့အမြင်အနေနဲ့ ကျွန်တော် လက်ခံပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့က ခုန တင်ပြသွားတဲ့အတိုင်း ကျွန်တော်တို့ တစ်တိုင်းတစ်ပြည်လုံးမှာ ကျွန်တော်တို့ တာဝါတိုင်(၁၃၀၀၀)ကျော် ကျွန်တော်တို့ သတ်မှတ်ထားတာရှိပါတယ်။ ဒီမှာ ကျွန်တော်ခုန ကိုးကားသွားတဲ့ ဥပဒေအရဆို ကျွန်တော်တို့က ခုနပြောသလို ဆက်သွယ်ရေးဥပဒေမှာဆိုရင် ကျွန်တော်တို့က သက်ဆိုင်ရာမြေနဲ့ အဆောက်အအုံပိုင်ရှင် သို့မဟုတ် ယင်းမြေနဲ့ အဆောက်အအုံ စီမံခန့်ခွဲခွင့်ရှိသူနှင့် ညှိနှိုင်း၍ ကာလသတ်မှတ်ချက်မပါဘဲ နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။ နောက်တစ်ခါ နည်းဥပဒေမှာ ကျွန်တော်တို့ပါတာကတော့ ခုနပြောသလို ပုဂ္ဂလိကပိုင်မြေ၊ အဆောက်အအုံ နေရာသို့ ပိုင်ရှင်၏သဘောတူညီချက်ဖြင့်သာ ဝင်ရောက်ရမည်။ သဘောတူညီချက် မရရှိနိုင်ပါက ဤဦးစီးဌာန၏ အကူအညီကို တောင်းခံနိုင်သည်။ အဲဒီလို ကျွန်တော်တို့က အတိအလင်း ဥပဒေနဲ့ နည်းဥပဒေမှာဖော်ပြထားပါတယ်။ အဲဒါအပြင်ကို ကျွန်တော်တို့ရဲ့ ဒီလုပ်ငန်းလိုင်စင် ထုတ်ပေးတဲ့အခါကျတော့ စည်းမျဉ်း၊ စည်းကမ်းထဲမှာ ကျွန်တော်တို့က အရပ်လေးမျက်နှာ အိမ်နီးချင်းများရဲ့ တာဝါတိုင်တည်ဆောက်မှုအား ကန့်ကွက်ရန် မရှိကြောင်းထောက်ခံချက်၊ သက်ဆိုင်ရာကျေးရွာ သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး သိရှိကြောင်းနဲ့ ကန့်ကွက်ရန် မရှိကြောင်းထောက်ခံစာ ဒါတွေ ကျွန်တော်တို့ တင်ပြမှ ကျွန်တော်တို့က ခွင့်ပြုတာ ဖြစ်ပါတယ်ခင်ဗျား။ ဒီဟာတွေ၊ ထောက်ခံစာတွေ ကန့်ကွက်ရန် မရှိကြောင်းတွေဖြစ်တာတော့ ကျွန်တော်တို့က ဒေသခံ အာဏာပိုင်တွေနဲ့

ဒီ ရပ်ကွက်မြို့မိ၊ မြို့ဖတွေနဲ့ တစ်ဆင့်ညှိနှိုင်းပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားသလို တချို့ကိစ္စရပ်တွေမှာတော့ ခုနပြောသလို မှန်ကန်မှုမရှိဘဲနဲ့ ပိုင်ရှင်ကိုယ်တိုင်မဟုတ်ဘဲနဲ့ လုပ်တဲ့ဟာမျိုးတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဒါကလည်း ကျွန်တော်တို့က ခုနပြောသလို တစ်တိုင်းတစ်ပြည်လုံးမှာ တာဝါတိုင်တွေ တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့က ဒီလိုကိစ္စရပ်မျိုးလေးတွေ ပေါ်ပေါက်ကောင်း ပေါ်ပေါက်ပါမယ်။ ဒီလိုဟာမျိုးတွေကို ကျွန်တော်တို့ဆီကိုလည်း တိုင်စာတွေ လာပါတယ်ခင်ဗျ။ လာတဲ့အခါကျရင် ကျွန်တော်တို့က အဲဒီ တိုင်စာတွေအပေါ်မှာ အသေးစိတ် ကျွန်တော်တို့က ကျွန်တော်တို့ဌာနနဲ့ ဒေသခံအာဏာပိုင်များနဲ့ ညှိနှိုင်းပြီးတော့၊ ကွင်းဆင်းပြီးတော့ ကျွန်တော်တို့ ဖြေရှင်းပေးလျက်ရှိပါတယ်။ လိုအပ်ရင် ဒီကုမ္ပဏီတွေအနေနဲ့ကလည်း ကျွန်တော်တို့က သူတို့ရဲ့ပေါ့လျော့မှု၊ သူတို့ရဲ့ ချို့ယွင်းမှုတွေရှိရင်လည်း ကျွန်တော်တို့က ကုမ္ပဏီတွေကို သတိပေးပြီး အရေးယူဆောင်ရွက်လျက်ရှိပါတယ် ဆိုတာ ကျွန်တော် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်း(ခေါ်)ကလေးများထိန်းသိမ်း စောင့်ရှောက်သောကျောင်းမှ ဖမ်းဆီး(ပြောင်းရွှေ့) ခေါ်ယူသွားသော ကလေးငယ်များကို ပြန်လည်အပ်နှံရန် အစီအစဉ်ရှိ/မရှိ နှင့် အဆိုပါ ကျောင်းမှသိမ်းဆည်းသွားသော ရခိုင်ရှေးဟောင်းပစ္စည်းများနှင့် ကျောင်း၏ပိုင်ဆိုင်မှုများကို ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ တို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မဟာမုနိ ဗုဒ္ဓဝိဟာရကျောင်း(ခေါ်)ကလေးများထိန်းသိမ်း စောင့်ရှောက်သောကျောင်းမှ ဖမ်းဆီး(ပြောင်းရွှေ့) ခေါ်ယူသွားသော ကလေးငယ်များကို ပြန်လည်အပ်နှံရန် အစီအစဉ်ရှိ/မရှိနှင့် အဆိုပါ ကျောင်းမှသိမ်းဆည်းသွားသော ရခိုင်ရှေးဟောင်းပစ္စည်းများနှင့် ကျောင်း၏ ပိုင်ဆိုင်မှုများကို ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိတို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမြို့၊ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းဟာ မိဘဆွေမျိုးမဲ့ ကလေးတွေနဲ့ မိဘရှိသော်လည်းပဲ ထမင်းမကျွေးနိုင်လို့ ကျောင်းကိုလာအပ်တဲ့ ကလေးတွေကို ကျွေးမွေးပြုစုပြီးတော့ ပညာသင်ပေးတဲ့ကျောင်းဖြစ်ပါတယ်။ ကျောင်းထိုင်ဆရာတော်ကြီးက ဦးဆောင်ပြီးတော့ ဒကာ၊ ဒကာမတွေက ဝိုင်းဝန်းပံ့ပိုးကူညီပေးတဲ့လုပ်ရပ်တွေ ဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကလည်း သာမန်ပုဂ္ဂိုလ်တွေမလုပ်နိုင်တဲ့ လုပ်ငန်းတွေ ဖြစ်ပါတယ်။ ၂၀၁၀ ခုနှစ်၊ ၇ လပိုင်းမှာ

ရဲတပ်ဖွဲ့က ကျောင်းထိုင်ဆရာတော်နဲ့ ကလေးငယ်(၇၅)ဦးကို ဖမ်းဆီးပြီးတော့ နေရာပြောင်းရွှေ့သွားပါတယ်။ ကလေး(၇၅)ဦးထဲက တစ်ဝက်ဟာ လူမမည်၊ နို့စို့ကလေးတွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပြီးတော့ အချိန်နည်းနည်းတိုးပေးဖို့ ခွင့်တောင်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လူကြီးတွေတောင်မှ မိုးတွင်းကာလမှာ ရခိုင်ရိုးမကို ကျော်ပြီးတော့ ကားနဲ့သွားမယ်ဆိုရင် (၈)နာရီလောက် ကျော်ဖြတ်ရပါတယ်။ စစ်တွေမြို့မှာလည်း ကလေးတွေကို မွေးစားပျိုးထောင်ပေးတဲ့ န.တ.လ လူငယ်ဂေဟာ ရှိပါတယ်။ ဒီလောက် ခက်ခဲပင်ပန်းတဲ့ခရီးကို ကလေးတွေကို ဘယ်လိုယူဆောင်သွားသလဲဆိုတာ ကျွန်တော်ကတော့ စဥ်းစားလို့မရပါဘူး။ အဲဒီကလေးတွေမှာအရွယ်ငယ်သေးတဲ့အတွက် တချို့ဟာဆိုရင် နာမည်မရှိပါဘူး။ တချို့ကလည်း စကားမပြောတတ်သေးပါဘူး။ ဗမာစကားလည်း သူတို့ နားမလည်ပါဘူး။ သူတို့လည်း ဗမာစကားကို မပြောတတ်ပါဘူး။ ဒီလောက် ရှည်လျားတဲ့ခရီးမှာ၊ မိုးတွင်းကာလမှာ သူတို့ကို ဘယ်လို နို့ချိုတိုက်ကျွေးပြီးတော့ ခေါ်သွားသလဲဆိုတာ တော်တော်စဥ်းစားရခက်တဲ့ အလုပ်ပါ။ အမှန်ဆိုရင် ဒါက ကလေးသူငယ်ကို အထူးပြုစုတဲ့ သူနာပြုတွေရဲ့ အလုပ်တွေဖြစ်ပါတယ်။ ကလေးတွေကို မြန်မာနိုင်ငံမှာ ကာကွယ်ပေးတဲ့ ဥပဒေပဲ ရှိပါတယ်။ ဖမ်းဆီးအရေးယူတဲ့ ဥပဒေတွေ မရှိပါဘူး။ အဲဒါကြောင့် ဒီလုပ်ရပ်တွေဟာ တစ်ချိန်က တရားမျှတမှုမရှိတဲ့ လုပ်ရပ်တွေ ဖြစ်ပါတယ်။

နောက် ဒီကလေးတွေကို ပြည်မဘက် မန္တလေး၊ မကွေး၊ ရန်ကုန်တွေမှာ အစု အစု ခွဲပြီးတော့ ထားလိုက်ပါတယ်။ အဲဒီကလေးတွေထဲမှာ ညီအစ်ကိုအရင်းတွေ ပါ ပါတယ်။ သူတို့ တကွဲတပြားစီ ဖြစ်သွားပါတယ်။ ဆွေမျိုးမရှိ၊ အသိမိတ်ဆွေမရှိ၊ လူစိမ်းတွေနဲ့ သူတို့ ဘယ်လိုနေလဲဆိုတာက တော်တော်စဥ်းစားရခက်တဲ့ ဖြစ်ရပ်တွေပါ။ အတော်ဝမ်းနည်းစရာကောင်းတဲ့ ဖြစ်ရပ်တွေလည်း ဖြစ်ပါတယ်။ အခု သူတို့ ကြီးလာကြပါပြီ။ သူတို့ ဆွေမျိုး၊ ဇာတိ၊ နေရပ်ကို သူတို့ပြန်လာချင်ပြီးတော့ သူတို့က ဆက်သွယ်တာတွေ ရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးတွေကို ဖမ်းတာနဲ့ တစ်ချိန်တည်းမှာပဲ ရှေးဟောင်း ရခိုင်စာပေ၊ ပုရပိုက်၊ ငွေဒင်္ဂါးတွေနဲ့၊ တန်ဖိုးဖြတ်လို့မရတဲ့ ရှေးဟောင်းပစ္စည်းတွေကို သိမ်းဆည်းယူဆောင်သွားပါတယ်။ အဲဒီပစ္စည်းတွေဟာဆိုရင် ဆွေစဥ်မျိုးဆက် ထိန်းသိမ်းရှာဖွေပြီးတော့ စုဆောင်းထားတာရှိပါတယ်။ မူပွားတွေလည်းမရှိတဲ့ အလွန်တန်ဖိုးရှိတဲ့ပစ္စည်းတွေ ဖြစ်ပါတယ်။ အဲဒါက ကျောင်းထိုင်ဆရာတော်ဘုန်းကြီးတစ်ပါးတည်းပိုင်တာလည်းမဟုတ်ပါဘူး။ ရခိုင်တိုင်းရင်းသားတွေရဲ့ ပိုင်ဆိုင်တဲ့ပစ္စည်းတွေ ဖြစ်ပါတယ်။ အရင်တုန်းကလည်း ဒီလိုပစ္စည်းတွေ၊ ရှေးဟောင်းပစ္စည်းတွေ ဆုံးရှုံးပေါင်းများလှပြီ ဖြစ်ပါတယ်။ ဒီအမှုကို တရားစစ်တဲ့အခါ တရားရုံးကလည်း ဒါတွေကို ပြတိုက်မှာပဲ ထိန်းသိမ်းထားတယ်ဆိုပြီးတော့ ဆုံးဖြတ်တယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမြို့လူထုက ဒီပစ္စည်းတွေ ဘယ်နေရာမှာရှိနေတယ်၊ ဘယ်မှာ ပျောက်သွားပြီလား၊ ဆုံးရှုံးသွားပြီလားဆိုတာကို သိချင်ကြပါတယ်။ လောလောဆယ် စစ်တွေယဉ်ကျေးမှု ပြတိုက်မှာတော့ အဲဒီပစ္စည်းတွေကို ပြသထားတာ မရှိသေးပါဘူး။ ရှေးဟောင်းပစ္စည်း၊ ဝတ္ထုပစ္စည်း ကာကွယ်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)၊ ခွဲငယ်(၂)မှာ ဖော်ပြထားတာက ဝန်ကြီးဌာန၏ ဆောင်ရွက်နိုင်ခွင့်သည် အောက်ပါရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ပိုင်ရှင်က မိမိ သို့မဟုတ် မိမိ၏ ဘိုးဘွားစဥ်ဆက် သို့မဟုတ် မိမိ၏ မိသားစုတွင် ပါဝင်သူတစ်ဦးဦးနှင့် ပတ်သက်၍ သင့်လျော်သော အကြောင်းပြချက်ဖြင့် ကိုယ်ပိုင်ထိန်းသိမ်းထားရှိလိုသည့် ရှေးဟောင်းဝတ္ထုပစ္စည်း

ဆိုတော့ ဒီဥပဒေအရဆိုရင် ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ရှိပါတယ်။ အခု အဲဒီပစ္စည်းတွေဟာ ဘယ်နားမှာ ရောက်သွားပြီလဲဆိုတာကို စစ်တွေမြို့လူထုက အများကြီးသိချင်ပါတယ်။ နောက်တစ်ခုကလည်း ဒီကလေးတွေဟာ အခု လူစုံတက်စုံ ရှိသေးလား။ အသက်ထင်ရှား ရှိသေးလား။ သေဆုံးတဲ့သူက ဘယ်နှစ်ဦး ရှိသွားပြီလဲ။ ဒီကလေးတွေဟာ ဘာလူမျိုးတွေ ဖြစ်သွားပြီလဲ။ ပေးထားတုန်းကတော့ ရခိုင်နာမည်တွေ အခု ရခိုင်နာမည်တွေ ရှိသေးလား။ နောက် နာမည်မရှိသေးတဲ့ကလေးတွေက ဘယ်လိုနာမည်မျိုးတွေ မှည့်ထားလဲ။ အဲဒါကိုလည်း လူတွေက အများကြီး စိတ်ဝင်စားနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းမှာ နေရာထိုင်ခင်းတွေလည်း ပြည့်ပြည့်စုံစုံ ရှိနေပါတယ်။ ဒကာ၊ ဒကာမတွေလည်း အရင်ကထက်စာရင် ငွေကြေးထောက်ပံ့မှု ပိုပြီးတော့ အခြေအနေကောင်းနေပါတယ်။ နောက်ပြီးတော့ ဒီကလေးသူငယ်ဥပဒေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းထိန်းသိမ်းကာကွယ်ရေးဥပဒေကလည်း အခုဆိုရင် ပိုပြီးတော့ ပြည့်ပြည့်စုံစုံရှိလာပြီ ဖြစ်တဲ့အတွက် ဒီကလေးတွေနဲ့၊ ဒီရခိုင်အမျိုးသားပိုင် ရှေးဟောင်းပစ္စည်းတွေကို မူလနေရာသို့ ပြန်လည်ပေးအပ်ဖို့ အစီအစဉ် ရှိ/မရှိ ဆိုတာကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**မွန်ပြည်နယ်အတွင်းရှိ ကျောက်ထုတ် လုပ်ရေးမိုင်းများအား တရားဝင် ခွင့်ပြုချက် ရှိ/မရှိ ပြန်လည်စိစစ် စစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသီဟ(ခ)မောင်တူးက မွန်ပြည်နယ်အတွင်းရှိ ကျောက်ထုတ်လုပ်ရေးမိုင်းများအား တရားဝင်ခွင့်ပြုချက် ရှိ/မရှိ ပြန်လည်စိစစ် စစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ(ခ)မောင်တူး ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကို ကြယ်ပွင့်ပြ မေးမြန်းချင်တဲ့ မေးခွန်းကတော့ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ကျောက်ထုတ်လုပ်ရေးမိုင်းများအား တရားဝင် ခွင့်ပြုချက် ရှိ/မရှိနဲ့ ယင်းကျောက်ထုတ်လုပ်ရေးမိုင်းများကို ပြန်လည်စိစစ် စစ်ဆေးပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ မွန်ပြည်နယ်အတွင်းမှာ တရားဝင် ကျောက်ထုတ်လုပ်ရေးမိုင်းများရှိသလို တရားမဝင် ကျောက်ထုတ်လုပ်ရေးမိုင်းတွေလည်း ရှိပါတယ်။ ကျောက်ထုတ်လုပ်ရေးမိုင်းတွေကြောင့် သစ်တောပြုန်းတီးခြင်းများ၊ သဘာဝရေအရင်းအမြစ်တွေဖြစ်တဲ့ စမ်းချောင်းတွေခန်းခြောက်ခြင်းများ ဖြစ်ပေါ်တဲ့အတွက် ဥယျာဉ်ခြံမြေတွေလည်း များစွာပျက်စီးကုန်ပါတယ်။ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ တောင်တန်းတွေဟာ ဘူမိဗေဒ သဘောအရ သက်နုလွှာတွန့် တောင်တန်းအမျိုးအစားဖြစ်တဲ့အတွက် တောပြိုခြင်း ၊တောင်ပြိုခြင်း၊ မြေပြိုခြင်းများ မကြာခဏ ဖြစ်လေ့ဖြစ်ထရှိပါတယ်။

ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ မွန်ပြည်နယ်၊ ပေါင်မြို့၊ ဥတံတ္တားကျေးရွာနဲ့ကပ်လျက် ကုလားမတောင်တန်းပေါ်မှာတည်ရှိတဲ့ Long Life ကုမ္ပဏီပိုင် ကျောက်ထုတ်လုပ်ရေးမိုင်းဟာ စမ်းချောင်းနှစ်ခုကြားမှာရှိတဲ့ ကျောက်သားပြင်ပေါ်မှာ တည်ဆောက်ထားတဲ့အတွက် ကျောက်မိုင်းခွဲတဲ့အရှိန်ကြောင့် ကျောက်သားနံရံတွေကွဲအက်ပြီး တောင်အောက်ရှိ လူနေ ရပ်ကွက်ထဲကို ကျရောက်လာမယ့်အန္တရာယ်နဲ့ ရွာသူ၊ ရွာသားတွေ ရင်ဆိုင်နေထိုင် နေရပါတယ်။ ကျောက်မိုင်း ကွဲအက်မှုကြောင့် မြေအောက်ရေကြောတွေ ပျောက်ကုန်တဲ့အတွက် ရွာတွင်းမှာရှိတဲ့ ရေတွင်း၊ ရေကန်တွေလည်း လျင်မြန်စွာ ခန်းခြောက်ကုန်ပါတယ်။ သို့အတွက်ကြောင့် နွေရာသီမှာ ရေရှားပါးတဲ့ဒဏ်ကို ခံစားကြရပါတယ်။ ဒေသခံ ရွာသူ၊ ရွာသားတွေ မှီခိုလုပ်ကိုင်နေရတဲ့ ဥယျာဉ်ခြံမြေတွေ ပျက်စီးကုန်တဲ့အတွက် ရွာသားတွေရဲ့ စားဝတ်နေရေးကိုလည်း ဆိုးရွားစွာထိခိုက်စေပါတယ်။ မိုးရာသီကျပြန်တော့ လည်း ကျောက်ထုတ်လုပ်ရေးမိုင်းက ကျတဲ့ကျောက်မှုန်တွေကြောင့် ချောင်းတွေ၊ မြောင်းတွေ ကောကုန်ပြီး ရေကြီး၊ ရေလွှမ်းမိုးတဲ့ဒဏ်ကို ခံစားကြရပြန်ပါတယ်။ ချောင်းရိုး၊ မြောင်းရိုး တစ်လျှောက်မှာရှိတဲ့ လယ် မြေတွေထဲကို ကျောက်မှုန်တွေ ဝင်တဲ့အတွက် ဒေသခံလယ်သမားတွေရဲ့ လယ်ယာမြေတွေလည်း များစွာပျက်စီးကုန်ပါတယ်။ ထိုကဲ့သို့ ဥတံတ္တားကျေးရွာသူ၊ ကျေးရွာသားများ ကျောက်ထုတ်လုပ်ရေးမိုင်းကြောင့် လူမှုဒုက္ခတွေကို ခံစားနေရသလို မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ကျောက်ထုတ်လုပ်ရေးမိုင်း ပတ်ဝန်းကျင်မှာနေထိုင်တဲ့ ဒေသခံ တိုင်းရင်းသားပြည်သူများဟာလည်း လူမှုဒုက္ခအမျိုးမျိုးကို ခံစားနေကြရပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မြို့မှာ ကျောက်ထုတ်လုပ်နေတဲ့မိုင်း(၃၇)မိုင်းရှိပေမယ့် တရားဝင်မိုင်းကတော့(၂၄)မိုင်းသာရှိပါတယ်။ မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်မှာလည်း ကျောက်ထုတ်လုပ်နေတဲ့မိုင်း (၁၉)မိုင်းရှိပြီးတော့ တရားဝင်မိုင်းကတော့ (၄)မိုင်းသာ ရှိပါတယ်။ ကျန်တဲ့မွန်ပြည်နယ် မြို့အချို့မှာလည်း တရားမဝင်ကျောက်ထုတ်လုပ်နေတဲ့ မိုင်းတွေ ရှိနေကြပါတယ်။ ယင်းကဲ့သို့ တရားမဝင်ကျောက်ထုတ်လုပ်ရေးမိုင်းတွေကြောင့် နိုင်ငံတော်ပိုင် သယံဇာတတွေ ဆုံးရှုံးနေသလို နိုင်ငံတော်မှလည်း ရသင့်ရထိုက်တဲ့ အခွန်ငွေကြေးတွေ ဆုံးရှုံးနစ်နာနေပါတယ်။ ယင်းအတွက်ကြောင့် မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ သဘောဆန္ဒအရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကို မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်နေ တောင်သူတစ်ဦး ပိုင်ဆိုင်သည့် လယ်နှင့် ခြံမြေများကို သိမ်းဆည်းခဲ့ခြင်းနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်းက ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်နေ တောင်သူတစ်ဦးပိုင်ဆိုင်သည့် လယ် နှင့် ခြံမြေများကို သိမ်းဆည်းခဲ့ခြင်းနဲ့ စပ်လျဉ်း၍ သိရှိလိုတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းဝမ်းလှိုင်းခမ်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန် လိုတဲ့ မေးခွန်းရဲ့ ကြောင်းကျိုးဖော်ပြချက်ကတော့ -

(၁) ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ နယ်မြေ(၁၇)၊ အိမ်အမှတ်(၄)တွင် နေထိုင်သူ ဦးအိုက်ထွန်းသည် (က) လယ်မြေ(၂)ဧက (ကွင်းအမှတ် ၄၃၊ လုပ်ကွက်-၅)။ (ခ) ခြံမြေ(၁.၅)ဧက (ပန်ကျောင်းကျေးရွာ၊ ဦးပိုင်အမှတ်-၈)၏ မူလပိုင်ရှင် ဖြစ်ပါသည်။ (၂) ၁၉၉၂ ခုနှစ်တွင် လားရှိုးမြို့နယ်၊ ပြည်သူ့အားကစားကွင်းအတွက် လယ်မြေ၊ ခြံမြေများ သိမ်းဆည်းရာတွင် ဖော်ပြပါ လယ်မြေ(၂)ဧကနှင့် ခြံမြေ(၁.၅)ဧက ပါဝင်သည်ဟု တောင်သူ ဦးအိုက်ထွန်းမှ သိရှိရပြီး လယ်မြေခွန်၊ ခြံမြေခွန်များ မပေးသွင်းရတော့ဘဲ လယ်နှင့် ခြံ လုပ်ကိုင်ခွင့်များ ရပ်ဆိုင်းခဲ့ရပါသည်။ မည်သူမှ သိမ်းဆည်းပါသည်ဟုလည်း မဖော်ပြ၊ မြေအစားထိုး ပြန်လည်ပေးခြင်း၊ နစ်နာကြေးပေးခြင်း မရှိရုံသာမက အသိပေးအကြောင်းကြားခြင်း လုံးဝမရှိဘဲ သိမ်းဆည်းခံခဲ့ရပါတယ်။ (၃) အထက်ပါ လားရှိုးမြို့ မိုးလုံ၊ လေလုံ အားကစားကွင်းတည်ဆောက်ပြီးစီး၍ နယ်နိမိတ် သတ်မှတ် အုတ်တံတိုင်း ကာရံပြီးသည့်အခါ အဆိုပါတောင်သူ ဦးအိုက်ထွန်း ပိုင်သည့် လယ်နှင့်ခြံမြေသည် အားကစားကွင်း နယ်နိမိတ်အတွင်း ပါရှိခြင်းမရှိဘဲ ပလပ်မြေအဖြစ် ကျန်ရှိခဲ့ပါသည်။ (၄) ထို့ကြောင့် တောင်သူ ဦးအိုက်ထွန်းမှ ၎င်း၏ လယ်ယာခြံမြေများကို ပြန်လည်လုပ်ကိုင် ပိုင်ဆိုင်ခွင့်ရရှိရန်အတွက် မြို့နယ် မြေစာရင်းဦးစီးဌာနသို့တင်ပြရာ ဌာနမှလာရောက်တိုင်းတာစဉ် အခြားမသက်ဆိုင်သူ(၇)ဦးက ထိုမြေများကို လက်ဝယ်ရယူထားကြောင်း၊ ပြန်လည်ရောင်းချတော့မည်ဖြစ်ကြောင်းနှင့် တောင်သူ ဦးအိုက်ထွန်း၏ လယ်ယာခြံမြေများအားလုံးမှာလည်း ဆုံးရှုံးသွားခဲ့ကြောင်း သိရှိခဲ့ရပါသည်။

(၅) ထိုအချိန်တွင် တောင်သူ ဦးအိုက်ထွန်း ကိုယ်တိုင် စိုက်ပျိုးလုပ်ကိုင်ခဲ့သော မြေ(၂)ဧက ပေါ်တွင် မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလွဲသုံးစား ပြုလုပ်သူများမှ ထိုနေရာအား အကွက်ချကာ ရောင်းချထားပြီး အဆောက်အအုံများ ဆောက်လုပ်နေထိုင်သူများ ရှိနေပြီဖြစ်ပါသည်။ သို့ရာတွင် ကျန်ရှိခြံမြေ(၁.၅)ဧကပေါ်တွင် ပလပ်မြေကွက်အဖြစ် ကျန်ရှိနေပါသေးသည်။ (၆) ထို့ကြောင့် မေးမြန်းလိုသည်မှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်နေ တောင်သူ ဦးအိုက်ထွန်း ပိုင်ဆိုင်သည့် လယ်နှင့်ခြံမြေများကို သက်ဆိုင်ရာမှ မည်သည့်နည်းဥပဒေ၊ မည်သည့်လုပ်ထုံးလုပ်နည်း ဖြင့် မည်သည့်ကာလတွင် မည်ကဲ့သို့ သိမ်းဆည်းခဲ့သည်ကို သိရှိလိုကြောင်းနှင့် သိမ်းဆည်းခံထားရသည့် လယ်နှင့် ခြံများကို မူလပိုင်ရှင်ဖြစ်သည့် တောင်သူ ဦးအိုက်ထွန်းမှ ပြန်လည်ရရှိ ပိုင်ဆိုင် လုပ်ကိုင်လိုကြောင်း တင်ပြတိုင်တန်းလာမှုအပေါ် သက်ဆိုင်ရာမှ မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်ပေးမည်ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၉။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ပထမဦးစွာ ရခိုင်ပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းထားတဲ့ မေးခွန်းအပေါ်မှာ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတို့ရဲ့ ပေါင်းစပ်ညှိနှိုင်းချက်အပေါ် ကျွန်တော် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

ဖြစ်စဉ်မှာ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့၊ နံနက်(၀၇း၃၀)အချိန်မှာ စစ်တွေမြို့၊ လမ်းမတော်တောင်ရပ်ကွက်နေ ဦးထွန်းသိန်း၊ ၄၂/၂၀၁၀(ဘ)ဦးအောင်ကျော်ဦး၊ ၁၁/စတန(နိုင်) ၀၂၁၂၈၄ မှ တရားလိုပြုလုပ်ပြီး စစ်တွေမြို့၊ ကန်တော်ကြီးရပ်ကွက်ရှိ မဟာမုနိဗုဒ္ဓဝိဟာရ မိဘမဲ့ ကလေးများဘုန်းတော်ကြီးကျောင်းထိုင် ဆရာတော် ဦးပညာစာရ(ခ)ဦးမောင်ထွန်းယိုင်၊ သက်တော် (၅၄)နှစ်၊ ဝါတော်(၃၄)ဝါ၊ အဖ ဦးရွှေလှမှ ရဟန်းသင်္ကန်းဝတ်ဖြင့် ၂၀၀၄ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ ခွဆုံကျေးရွာနေ အမျိုးသမီးတစ်ဦးနှင့် လျှို့ဝှက်ပေါင်းသင်းနေထိုင်ကြောင်း၊ ဘုန်းကြီးကျောင်းနေ အတူနေ ကလေးများနေထိုင်ခဲ့ပြီး ကလေး(၂)ဦးမွေးဖွားခဲ့ကြောင်း၊ ဆင်ဆာမဲ့ ညစ်ညမ်းခွေများကို ညအချိန်မတော် ဘုန်းကြီးကျောင်းတွင် ကြည့်ရှုခဲ့ခြင်း၊ မိဘမဲ့ကလေးများအတွက် လှူဒါန်းသောငွေများ အာဟာရပြည့်ဝအောင် မကျွေးမွေး၍ ကလေးများသေဆုံးရခြင်း၊ သေဆုံးကလေးများကို သင်္ချိုင်းကုန်းတွင် မြှုပ်နှံခြင်းမရှိဘဲ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း မြေမြှုပ်ခြင်းများ ပြုလုပ်ပါသဖြင့် ဘာသာ၊ သာသနာ ညှိုးနွမ်းအောင်ပြုလုပ်၍ အများပြည်သူ လှူဒါန်းငွေများကို အလွဲသုံးစားပြုနေသဖြင့် ကျောင်းထိုင်ဆရာတော်ကို အရေးယူပေးပါရန် တိုင်ကြားခဲ့တဲ့ တိုင်ကြားမှု ဖြစ်ပေါ်ခဲ့ပါတယ်။

ထိုတိုင်ကြားမှုနဲ့ပတ်သက်ပြီး လိုအပ်သောစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် စတင်ဆောင်ရွက်ခဲ့ပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်ပြီး သက်ဆိုင်ရာ ဆရာတော်ကြီးများအား လျှောက်ထားခဲ့ပြီး အမှုစစ်အဖွဲ့ဟာ သက်သေများနှင့်အတူ ၂၀၁၀ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့၊ နံနက်(၁၁း၀၅)မိနစ်အချိန်မှာ စစ်တွေမြို့၊ ကန်တော်ကြီးရပ်ကွက်မှာရှိတဲ့ ဘုန်းကြီးကျောင်းကို ဝင်ရောက်ရှာဖွေစစ်ဆေးတဲ့အခါမှာ ကျောင်းထိုင်ဆရာတော် ဦးပညာစာရ(ခ) ဦးမောင်ထွန်းယိုင်ရဲ့ ဗီရိုအတွင်းမှ ဖော်ပြပါပစ္စည်းများ တွေ့ရှိရပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် မဖတ်တော့ပါဘူးခင်ဗျာ။ ဒါ့အပြင် ဖော်ပြပါ ပစ္စည်းများဖြစ်တဲ့ သံဃာတော်များနဲ့ သက်ဆိုင်ခြင်းမရှိတဲ့ ပစ္စည်းများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ကျောင်းမှာနေထိုင်တဲ့ ကလေးများအနက် သေဆုံးသွားတဲ့ ကလေးတွေကို

သတ်မှတ်ထားတဲ့ သင်္ချိုင်းမြေမှာ မြှုပ်နှံခြင်းမရှိဘဲ ဘုန်းကြီးကျောင်းအတွင်း မြှုပ်နှံထားကြောင်း တိုင်ကြားချက်များအရ သက်သေလူကြီးများ၊ မြို့နယ်တရားသူကြီး၊ မြို့နယ်ဆရာဝန်ကြီးတို့ ပါဝင်တဲ့ အဖွဲ့တွေနဲ့ တူးဖော်ခဲ့ရာမှာ ကျား၊ မ မပီပြင်တော့တဲ့ ကလေးအလောင်း (၇)လောင်းကိုလည်း ဖော်ပြပါ အတိုင်း တူးဖော်ရရှိခဲ့ပါတယ်။ ဒါ့အပြင် ဦးပညာစာရ(ခ)ဦးမောင်ထွန်းယိုင် ရဲ့ လူမှုရေးဖောက်ပြန်မှု တိုင်ကြားချက်များနှင့် ပတ်သက်၍လည်း ဖော်ထုတ်စစ်ဆေးခဲ့တဲ့အခါမှာ Slide မှာ ဖော်ပြထားတဲ့ အတိုင်း ပေါ်ပေါက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ ဒါကြောင့် ဖြစ်စဉ်နဲ့ပတ်သက်ပြီး တွေ့ရှိရတဲ့ တွေ့ရှိချက်များအပေါ်မှာ ဒေသတွင်းရှိတဲ့ ဆရာတော်ကြီးများအား ရှင်းလင်းလျှောက်ထားခြင်း၊ တာဝန် ရှိသူများနှင့် ဒေသခံများကို ရှင်းလင်းခြင်းများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများမှ ဆောင်ရွက်ခဲ့ ကြောင်း သိရှိရပါတယ်။

ဒီလို စစ်ဆေးတဲ့အခါမှာ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ မဟာမုနိဗုဒ္ဓဝိဟာရ ကျောင်း မှာ ကလေးများ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့အခါမှာ ကလေးအချို့ဟာ အာဟာရချို့တဲ့ပြီး ကျန်းမာရေး စောင့်ရှောက်မှုပေးရန်လိုအပ်ခြင်း၊ ကလေးများကို ထိန်းသိမ်းစောင့်ရှောက်တဲ့အခါမှာလည်း အနီးကပ် စောင့်ရှောက်မည့်သူများ မရှိခြင်းတို့ကြောင့် ကလေးများကို သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ လူမှု ဝန်ထမ်းအဖွဲ့အစည်းများမှ ပူးပေါင်း၍ ခေါ်ယူထိန်းသိမ်းခဲ့ရပါတယ်။ ဒီလိုထိန်းသိမ်းတဲ့အခါမှာ လက်ရှိကလေးများရဲ့ နောက်ဆုံးအခြေအနေမှာ Slide မှာ ဖော်ပြထားတဲ့အတိုင်းပဲ အာဟာရချို့တဲ့ပြီး သေဆုံးခဲ့တဲ့ ကျား(၁)ဦး၊ မ(၁)ဦး ရှိခဲ့ပါတယ်။ ကိတ္တိမသားသမီးအဖြစ် တရားဝင်မွေးစားမှုကို ကျား(၂) ဦး၊ မ(၉)ဦး၊ စုစုပေါင်း (၁၁)ဦး ရှိခဲ့ပါတယ်။ မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်အပ်နှံသူ ကျား(၂၀) ဦး၊ မ(၂)ဦး၊ စုစုပေါင်း (၂၂)ဦး ရှိခဲ့ပြီး စုစုပေါင်း(၃၅)ဦး အားလုံး အပ်နှံပြီး ဖြစ်ပါတယ်။ ကျန်ရှိခဲ့တဲ့ ကလေး(၂၅)ဦးအနက်မှာ ကျား(၂၅)ဦး၊ မ(၁၅)ဦး၊ စုစုပေါင်း (၄၀)ဦးကို နိုင်ငံတော်မှ ကာကွယ် စောင့်ရှောက်ရန် လိုအပ်သောကလေးများဖြစ်တဲ့အတွက် ၎င်းတို့အတွက် ပြုစုပျိုးထောင်ပေးရန် အသက် အရွယ်၊ ကျား/မ ပေါ်မူတည်ပြီး ၎င်းတို့အတွက် လေ့ကျင့်သင်ကြားပေးနိုင်ဖို့အတွက် ကိုက်ညီတဲ့ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်မှာရှိတဲ့ သင်တန်းကျောင်း၊ ဌာနများမှာ စောင့်ရှောက်ထားပေး ခြင်းသာဖြစ်ပြီး ထောင်ချထားသူများ မရှိကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ ကလေးများမှာ လက်ရှိမှာ မကွေး ကလေးပြုစုရေးဌာနမှာ မ(၂)ဦး၊ ကျိုက်ဝိုင်း လူငယ်သင်တန်းကျောင်း ရန်ကုန်မှာ ကျား(၁၂)ဦး၊ အမျိုးသမီး ကလေးများသင်တန်းကျောင်း မန္တလေး မှာ မ(၈)ဦး၊ စစ်တွေကလေးပြုစုရေးဌာနမှာ ကျား(၁၃)ဦး၊ မ(၅)ဦး၊ စုစုပေါင်း (၁၈)ဦးတို့ကို ဆက်လက် ပြုစုစောင့်ရှောက်ပေးလျက်ရှိပြီး အသက်အရွယ်အလိုက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်စေရန် ကျောင်းပညာနှင့်အသက်မွေးမှုပညာများ သင်ကြားပေးလျက်ရှိကြောင်းနှင့် နိုင်ငံတော် မှ ကာကွယ်စောင့်ရှောက်ရန် လိုအပ်တဲ့ကလေးများဖြစ်တဲ့အတွက် ၎င်းတို့ကို ပြန်လည်ပေးအပ်ရန် အစီအစဉ်မရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ဦးမောင်ထွန်းယိုင် (ခ) ဦးပညာစာရ ရဲ့ အမှုများအနက် စစ်တွေခရိုင် တရားရုံးရဲ့ ပြစ်မှုကြီးအမှတ် ၆၁/၂၀၁၀ မှာ သက်သေခံ အဖြစ် သိမ်းဆည်းထားတဲ့ ရခိုင်ရှေးဟောင်း ဒင်္ဂါးငွေ (၁၃)ပြားနဲ့ ဂျပန်ဓားတစ်လက်ကိုလည်း သိမ်းဆည်းရမိခဲ့ပါတယ်။ သိမ်းဆည်းရမိခဲ့တဲ့ ပစ္စည်းများနဲ့ပတ်သက်ပြီး စစ်တွေခရိုင် တရားရုံးရဲ့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့ ရက်စွဲပါ

စာအမှတ်၊ ၇၆/ဘဏ္ဍာထိန်း/၂၀၁၄ အရ ယဉ်ကျေးမှုပြတိုက်သို့ အပ်နှံရန် အမိန့်ချထားတဲ့အတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန(စစ်တွေ) ဌာနခွဲမှ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှာ လက်ခံရရှိခဲ့ပြီး ဖြစ်ပါတယ်။ ၎င်း ရခိုင်ရှေးဟောင်းဒင်္ဂါးငွေ (၁၃)ပြားကို အမျိုးသား ပြတိုက်(နေပြည်တော်)တွင် ခင်းကျင်းပြသနိုင်ဖို့အတွက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြ၍ လွှဲပြောင်းပေးအပ်ခဲ့ပြီး၊ ဂျပန်ဓားတစ်လက်ကိုတော့ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စစ်တွေ) ဌာနခွဲမှ ဆက်လက်ထိန်းသိမ်းထားရှိကြောင်း သိရှိရပါတယ်။ သက်သေခံပစ္စည်း ရွှေနားဆွဲတစ်ရံနဲ့ ရွှေဟန်းချိန်းတို့ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီးဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် နေ့မှာ အပ်နှံခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့ဘဏ္ဍာသိမ်းဆည်းတဲ့ နိုင်ငံခြားသုံး ငွေစက္ကူများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အပ်နှံရန် မြန်မာ့စီးပွားရေးဘဏ် (စစ်တွေမြို့)သို့ ၂၀၁၅ ခုနှစ်၊ မေလ ၅ ရက်နေ့မှာ အပ်နှံခဲ့ပြီး ဖြစ်ပါ တယ်။ သက်သေခံပစ္စည်း ကင်မရာတစ်လုံးကို ဘဏ္ဍာသိမ်းဆည်းမိန့် အတည်ပြုပြီးဖြစ်တဲ့အတွက် လုပ်ထုံးလုပ်နည်းနဲ့အညီ လေလံတင်ရောင်းချပြီး ရရှိငွေကို ပြည်သူ့ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းခဲ့ပြီး ဖြစ်ပါတယ်။ ငွေသား (၂၁၅၀၀)ကျပ်နှင့် သက်သေခံပစ္စည်းအဖြစ် တင်ပြခဲ့တဲ့ မြန်မာ့စီးပွားရေးဘဏ်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်၊ ကမ္ဘောဇဘဏ်နဲ့ ရိုးမဘဏ်တို့မှာရှိတဲ့ ငွေစုစာအုပ်များမှ စုငွေ (၅၄၂၀၁၄၅)ကျပ်ကို စာရင်းပိတ်သိမ်းပြီး ငွေသားထုတ်ယူကာ စုစုပေါင်းငွေကျပ် (၅၄၄၁၆၄၅) ကျပ်ကို ဘဏ္ဍာသိမ်းငွေစာရင်းသို့ ထည့်သွင်းခဲ့ပြီးဖြစ်ကြောင်းသိရှိရပါတယ်။ သက်သေခံ အိမ်ရာမြေကွက် (၅) ကွက်ကို မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်၍ လုပ်ထုံးလုပ်နည်းနဲ့အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း ခဲ့ကြောင်းလည်းတွေ့ရှိရပါတယ်။ ဖြစ်စဉ်များနဲ့ပတ်သက်ပြီး ဦးပညာစာရ (ခ) ဦးမောင်ထွန်းယိုင် ကို ၂၀၁၀ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့မှစ၍ စုစုပေါင်း ပြစ်မှုထင်ရှားတဲ့အတွက် ထောင်ဒဏ် (၁၁)နှစ်နဲ့ (၆)လကို သီးခြားပြစ်ဒဏ်များ ချမှတ်ခဲ့ပါတယ်။

သို့ရာတွင် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်နေ့ နိုင်ငံတော်သမ္မတရုံးရဲ့ အမိန့်အမှတ် (၁/ ၂၀၁၂) အရ လွတ်ငြိမ်းချမ်းသာခွင့်ရရှိပြီး၊ ယခုအခါ ဦးပညာစာရ ဟာ ရဟန်းဘဝနဲ့ စစ်တွေမြို့ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းမှာပင် သီတင်းသုံးနေထိုင်လျက်ရှိကြောင်း သိရှိပါတယ်။ စစ်တွေခရိုင် တရားရုံးရဲ့ ပြစ်မှုကြီးအမှတ် ၆၁/၂၀၁၀ နဲ့ ၆၂/၂၀၁၀ တို့မှာ သက်သေခံပစ္စည်းများအပေါ် ချမှတ် ထားတဲ့ အမိန့်များနဲ့စပ်လျဉ်းပြီး ရခိုင်ပြည်နယ်တရားရုံးသို့ ကာယကံရှင်မှတင်သွင်းခဲ့တဲ့ ပြင်ဆင်မှုကို ၂၀၁၀ ပြည့်နှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၄၂ မှာ လက်ခံကြားနာပြီး မူလတရားရုံးက ချမှတ်ခဲ့တဲ့ အမိန့်ကိုပဲ အတည်ပြုခဲ့ပါတယ်။ ဒါ့အပြင် တရားရုံးချုပ်ရဲ့ ၂၀၁၀ ပြည့်နှစ် ရာဇဝတ်ပြင်ဆင်မှု အမှတ် ၅၁၈ (ခ)မှာလည်း တရားခံက တင်သွင်းလာတဲ့ ပြင်ဆင်မှုကိုလည်း အကျဉ်းနည်းဖြင့် ပလပ်ခဲ့ပါတယ်။

ဒါ့အပြင် ပစ္စည်းများ ပြန်လည်ရလိုမှုအတွက် ဆက်လက်တင်ပြခဲ့တဲ့ ရခိုင်ပြည်နယ် တရားလွှတ်တော်သို့ တရားခံတင်သွင်းတဲ့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုကိုလည်း ၂၃/၂၀၁၁ မှာ လက်ခံ ကြားနာပြီး အကျဉ်းနည်းနဲ့ ပလပ်ခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်သွင်းခဲ့တဲ့ ၂၀၁၁ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၉(ခ)၊ ၉၀(ခ)တို့မှာ တရားခံတင်သွင်း ခဲ့တဲ့ ပြင်ဆင်မှုများကိုလည်း အကျဉ်းနည်းများနဲ့ ပလပ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေနဲ့အညီ ပြည်သူ့ဘဏ္ဍာ

အဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်တဲ့ သက်သေခံပစ္စည်းများကို ပြန်လည်ပေးအပ်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တိုတို လိုရင်းမေး။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးတာက ကလေးကိစ္စနဲ့ ရှေးဟောင်းပစ္စည်းကိစ္စပါ။ ကလေးငယ်တွေက အခုအရွယ်ရောက်လာတော့ မိမိတို့ ဇာတိရပ်ရွာကို ပြန်ချင်ပါတယ်။ သူတို့ဆက်သွယ်ပြီးတော့ လာချင်ပါတယ်။ အဲဒါကြောင့် သူတို့ဆန္ဒကိုပဲ အဓိက ဦးစားပေးရမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ရှေးဟောင်းပစ္စည်း ဆိုတာကလည်း ကျွန်တော်တို့ စာရင်းမှာပါတဲ့အတိုင်း အကုန်လုံး ပြည့်ပြည့်စုံစုံကို ရခိုင်ယဉ်ကျေးမှုပြတိုက် (စစ်တွေ)မှာ ရှိတဲ့ ပြတိုက်ထဲမှာ ပြထားစေချင်တဲ့အတွက် မေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ကလေးတွေနဲ့ သက်သေခံပစ္စည်းတွေဟာ ဆက်စပ်နေတဲ့အတွက် ဒါကြောင့် အမှုကို အကျဉ်းချုပ် ထည့်သွင်းတင်ပြခဲ့ခြင်းဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ ဒါ့အပြင် ကလေးတွေ အခု တင်ပြခဲ့တဲ့ပုံတွေဟာ မူလအမှုအခင်းမှာ ဖြစ်ပွားခဲ့တဲ့ပုံကလွဲလို့ ကျန်တဲ့နောက်ပိုင်းမှာ ပြထားတဲ့ဓာတ်ပုံတွေအားလုံးဟာ မနေ့က နောက်ဆုံးအချိန်ထိ ရိုက်ထားတဲ့ ဓာတ်ပုံဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းပြီး ဒီကလေးတွေရဲ့ ဆန္ဒသဘောထားတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာလည်းပါတဲ့အတွက် တချို့ကလေးတွေဟာ နေရပ်ကို ပြန်လိုတယ်ဆိုတဲ့ ဆန္ဒလည်းပါတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို မနေ့ကပဲ ချက်ချင်းအတည်ပြုပြီး သက်ဆိုင်ရာ ကျောင်းတွေကို နောက်ဆုံး ရိုက်ထားတဲ့ပုံလည်း ဖြစ်ပါတယ်။ ကလေးတွေရဲ့ဆန္ဒလည်း မေးပြီးဖြစ်ပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့လည်း သတ်မှတ်ထားတဲ့ ပြဋ္ဌာန်းချက်တွေနဲ့အညီ ကလေးတွေကို စနစ်တကျ စောင့်ရှောက်ထားတဲ့အတွက်ကြောင့် ပြန်လည်လွှဲပြောင်းပေးဖို့ အစီအစဉ်မရှိကြောင်း တင်ပြခြင်းဖြစ်ပါတယ်။ အလားတူပဲ သိမ်းဆည်းထားတဲ့ ပစ္စည်းတွေနဲ့ ပတ်သက်လို့လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးအထိ အဆင့်ဆင့် အယူခံ(၄)ဆင့် တင်ခဲ့ပြီး ဖြစ်ပါတယ်။ သို့သော်လည်း အဆင့်ဆင့်သောတရားရုံးများမှ ၎င်း Case တင်ပြချက်များအပေါ် ပလပ်ခဲ့ပြီးဖြစ်တဲ့အတွက် ဥပဒေကြောင်းအရ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ခြင်း မရှိကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ မွန်ပြည်နယ် အမှတ်(၁၀) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ(ခ)မောင်တူး ရဲ့ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် မွန်ပြည်နယ်အစိုးရရဲ့ ပေါင်းစပ်ညှိနှိုင်းဖြေကြားချက်နဲ့အတူ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်အတွင်းမှာ လမ်းခင်းကျောက်ထုတ်လုပ်မှု လုပ်ငန်းများနဲ့ပတ်သက်ပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဟာ အောက်မြန်မာနိုင်ငံ မြေနဲ့အခွန်နည်းဥပဒေ ၁၀၇(ခ)၊ မြေနဲ့အခွန် အမိန့်ဆင့်ဆိုချက် ၁၉၇ နဲ့ ၁၉၈ တို့အရ လမ်းခင်းကျောက်တူးဖော်

ထုတ်လုပ်ရန် လိုင်စင်တွေကို သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်နဲ့ ခွင့်ပြုမိန့်များ ထုတ်ပေးလျက်ရှိပါတယ်။၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ကျိုက်မရောမြို့နယ်၌ လိုင်စင်(၄)ခု၊ ရေးမြို့နယ်မှာလိုင်စင်(၁၃)ခု၊ ကျိုက်ထိုမြို့နယ်မှာ လိုင်စင်(၄၄)ခု၊ သထုံမြို့နယ်မှာ လိုင်စင်(၅)ခု၊ ပေါင်မြို့နယ်မှာ လိုင်စင် (၂၂)ခု စုစုပေါင်း လိုင်စင် (၈၈)ခု ထုတ်ပေးထားရှိပြီး ဖြစ်ကြောင်း သိရှိရပါတယ်။

ယင်းသို့ခွင့်ပြုခဲ့တဲ့လုပ်ငန်းများအနက် ပေါင်မြို့နယ်မှာ သစ်တောကြိုးဝိုင်းမြေအတွင်းမှာ ပါရှိတဲ့ ကျောက်ထုတ်လုပ်မှုအတွက်ကိုတော့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မွန်ပြည်နယ် သစ်တောဦးစီးဌာနတို့နဲ့ ချုပ်ဆိုထားတဲ့ ထုတ်လုပ်ခွင့်ရရှိသော လုပ်ကွက်(၂)ခု၊ ဒါ့အပြင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်နဲ့လုပ်ခဲ့တဲ့လုပ်ကွက်(၁)ခု စုစုပေါင်း လုပ်ကွက် (၃)ခုလည်း ပါရှိကြောင်း သိရှိရပါတယ်။ သစ်တောဦးစီးဌာနနဲ့ ချုပ်ဆိုတဲ့ မြေတစ်ဧကမှာ ဘဏ္ဍာအခွန် ကောက်ခံမှုအနေနဲ့ အာမခံကြေးငွေ (၅၀၀၀၀)ကျပ်နှင့် ကျောက်ထုတ်လုပ်ခြင်းအတွက် ကျောက်(၁၀၀)ကုဗပေ တစ်ကျင်းကို ဒေသပေါက်ဈေးရဲ့ (၂၅)ရာခိုင်နှုန်းကိုလည်း သစ်တောဦးစီးဌာနမှ ကောက်ခံပြီး၊ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အခွန်ငွေရရှိရေးအတွက်ကို ကျောက် (၁၀၀) ကုဗပေတစ်ကျင်းမှာ (၂၅၀၀)ကျပ်နှုန်းဖြင့် ကောက်ခံပြီး မွန်ပြည်နယ်အစိုးရရဲ့ ဘဏ္ဍာငွေစာရင်းသို့လည်း ပေးသွင်းလျက်ရှိကြောင်း သိရှိရပါတယ်။ ကျောက်ထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးပြီးပါကလည်း တင်ပြထားတဲ့မြေနေရာတွေမှာ အမှန်တကယ် လုပ်ဆောင်ခြင်း ရှိ/မရှိ၊ သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာခြင်းရှိ/မရှိကိုလည်း မြို့နယ်အုပ်ချုပ်ရေးမှူး၊ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းလည်း သိရှိရပါတယ်။ လုပ်ကိုင်သူများအနေနဲ့ ခွင့်ပြုချက် တစ်စုံတစ်ရာ ရယူခြင်းမရှိဘဲ လုပ်ငန်းလုပ်ကိုင်ပါက အောက်မြန်မာနိုင်ငံမြေနဲ့ အခွန်နည်းဥပဒေ ၁၀၇ (ဈ)အရလည်း ခွင့်ပြုချက်မရမီ လုပ်ကိုင်လို့ရှိရင် အောက်မြန်မာနိုင်ငံမြို့နဲ့ ကျေးရွာများနည်းဥပဒေ ၇၄ (က)တို့အရ ကျူးလွန်ရာရောက်တဲ့အတွက် ကျူးလွန်သူတွေကို အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာများ နည်းဥပဒေများနှင့်အညီ အရေးယူခြင်းခံကြရမည်ဖြစ်ကြောင်းကိုလည်း လုပ်ငန်းလုပ်ကိုင်သူများကို သက်ဆိုင်ရာလုပ်ငန်းနှစ် မစမီမှာ မွန်ပြည်နယ်အစိုးရမှ တရားဝင် အကြောင်းကြား ကြပ်မတ်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

ဒါ့အပြင် ယခု မေးမြန်းခဲ့တဲ့ မေးမြန်းချက်ပေါ်မှာမူတည်ပြီး ကျောက်ထုတ်လုပ်ငန်းများဟာ မိုးရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီမှာ အဓိကလုပ်ဆောင်ကြောင်း သိရှိရတဲ့အတွက် ခွင့်ပြုချက်မဲ့လုပ်ဆောင်မှု မရှိစေရေးအတွက်ကို အခု ပွင့်လင်းရာသီမှာ လိုင်စင်ထုတ်ပေးတဲ့နေရာတွေမှာ သတ်မှတ်စည်းကမ်းနဲ့အညီ ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ၊ တရားမဝင်ထုတ်လုပ်မှု ရှိ/ မရှိ ကွင်းဆင်းစိစစ်ခြင်း၊ တရားမဝင်ဓာတ်သတ္တု တူးဖော်မှုမရှိစေရေးအတွက် ခရိုင်၊ မြို့နယ်အလိုက် ဌာနဆိုင်ရာများပါဝင်တဲ့ တားဆီးရေးကော်မတီများ ဖွဲ့စည်းပြီး ကျောက်ထုတ်လုပ်ရေးမိုင်းများကို တရားဝင်ခွင့်ပြုချက် ရှိ/ မရှိ ရှောင်တခင်စစ်ဆေးခြင်းတွေကို မွန်ပြည်နယ်အစိုးရရဲ့ ညွှန်ကြားချက်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ မွန်ပြည်နယ်အစိုးရက ညွှန်ကြားချက်ကို ယနေ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှာ ညွှန်ကြားချက်ထုတ်ပြန်ပြီးတော့ မော်လမြိုင်ခရိုင်နဲ့ သထုံခရိုင်မှာရှိတဲ့ မြို့နယ်အတွင်း ဓာတ်သတ္တု တူးဖော်ထုတ်လုပ်မှု တားဆီးရေးကော်မတီများကနေ မြေပြင်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ ဒီလို တရားဝင်စစ်ဆေးမှုတွေကို၊ ရှောင်တခင်စစ်ဆေးခြင်းတွေကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ

လ ၁၀ ရက်နေ့ကနေပြီးတော့ ၂၀၁၆ ခုနှစ်၊ စင်တင်ဘာလ ၁၉ ရက် နေ့အထိ တစ်ကြိမ် ထပ်မံ စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း မွန်ပြည်နယ်အစိုးရရဲ့ ညှိနှိုင်းဖြေကြားချက်အရ သိရှိရပါတယ်။ တရားဝင် လိုင်စင်ရယူထားတဲ့ လုပ်ငန်းရှင်များကို ဥပဒေ စည်းမျဥ်း၊ စည်းကမ်းများနဲ့အညီဆောင်ရွက်သွားရန် လိုင်စင်သက်တမ်းတိုး ဆောင်ရွက်နိုင်ရေး အသိပေးရှင်းလင်း ပြောကြားခဲ့ကြောင်းနဲ့ ခရိုင်၊ မြို့နယ် တားဆီးရေးကော်မတီတွေကလည်း လစဥ် ရှောင်တခင်စစ်ဆေးမှုများ စဥ်ဆက်မပြတ် ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနဲ့ တရားမဝင်လုပ်ငန်း လုပ်ကိုင်မှုများရှိကြောင်းကို စစ်ဆေးတွေ့ရှိရခြင်း၊ တိုင်ကြားခြင်းများရှိပါကလည်း ထိရောက်စွာ စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးစိုးသီဟ(ခ)မောင်တူး ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဝန်ကြီးခင်ဗျား။ ဝန်ကြီးရှင်းလင်းသွားတဲ့ အချက်အလက်လေးတွေကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ တရားဝင် ခွင့်ပြုချက်ရထားတဲ့ ကျောက်ထုတ်လုပ်ရေးမိုင်းက ခုနတုန်းက စည်းမျဥ်း၊ စည်းကမ်းနဲ့ ညီညွတ်မှု မရှိဘူး။ လူထုတွေ ဒုက္ခရောက်လို့ တင်ပြတောင်းဆိုလာမယ်ဆိုရင်လည်း ကျွန်တော်တို့ ပြည်သူ့အစိုးရ ဝန်ကြီးဌာနအနေနဲ့ စိစစ်ရပ်ဆိုင်းပေးဖို့ အစီအစဥ် ရှိ/ မရှိ ဆိုတာကို မေးမြန်းချင်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဖြေကြားပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ထပ်ဆင့်မေးခွန်းနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းစရကတည်းက မြေပြင်မှာ ဆောင်ရွက်ခဲ့တဲ့အခြေအနေတွေကို မေးခဲ့ သလို နောက်ဆုံးဆောင်ရွက်ခဲ့တဲ့ အချက်အလက်တွေကိုလည်း ကျွန်တော်တို့ ရယူခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် သူတို့ရဲ့ ဖြေကြားချက်မှာလည်း အချိန်ကိုင့်ညှာသောအားဖြင့် သူတို့ရဲ့ လုပ်ထုံးလုပ်နည်းနဲ့ ဥပဒေ၊ ပြဋ္ဌာန်းချက်တွေကို ကျွန်တော်ဖတ်ကြားခဲ့ခြင်း မရှိတာဖြစ်ပါတယ်။ ဒါကြောင့် နောက်ဆုံး တင်ပြချက်မှာတော့ တရားမဝင် လုပ်ငန်း လုပ်ကိုင်မှုတွေကို ကျွန်တော်တို့ တာဝန်ရှိတဲ့လူတွေက စစ်ဆေးတွေ့ရှိတာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ဒေသခံပြည်သူများရဲ့ ဆန္ဒအရတင်ပြလာလို့ စစ်ဆေးမှုတွေ ပေါ်ပေါက်မယ်ဆိုရင် သက်ဆိုင်ရာ ပြည်နယ်အစိုးရအနေနဲ့လည်း တည်ဆဲဥပဒေများနဲ့အညီ အရေးယူ ဆောင်ရွက် သွားမည်ဖြစ်ကြောင်းကို ထပ်ဆင့်ဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းဝမ်းလှိုင်းခမ်း မေးမြန်းခဲ့တဲ့ မေးခွန်းအပေါ်မှာ ကျွန်တော် ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊လားရှိုးခရိုင်၊လားရှိုးမြို့၊အမှတ်(၁၂)ရပ်ကွက်၊ ကွင်းအမှတ် (၄၃)၊ ရှမ်းဈေးတန်း၊ လားရှိုးကြီး၊ မိုးလုံလေလုံအားကစားကွင်းအနီးမှာရှိတဲ့ မြေဧရိယာ (၃)ဧက ခန့်ရှိတဲ့ မြေနေရာမှာ တောင်သူ ဦးအိုက်ထွန်း မှ ၁၉၉၂ ခုနှစ်အထိ စပါးစိုက်ပျိုး လုပ်ကိုင်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ ၁၉၉၂ ခုနှစ်မှာ ရှမ်းပြည်နယ် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ မြောက်ပိုင်းရဲ့ ညွှန်ကြားချက်အရ လားရှိုးမြို့ ပြည်သူ့အားကစားကွင်း တည်ဆောက်ရေးအတွက်ကို သိမ်းဆည်းရန် လျာထားတဲ့ မြေစာရင်းထဲမှာ အဆိုပါ မြေဧရိယာ (၃)ဧက အနက်မှာ မြေဧရိယာ (၁.၅)ဧက ပါဝင်သွား ခဲ့ပြီးတော့ အားကစားကွင်း တည်ဆောက်ခဲ့ကြောင်းသိရှိရပါတယ်။ အားကစားကွင်း တည်ဆောက်ပြီး

တဲ့အချိန်မှာ မြေဧရိယာ (၁.၅)ဧက ကျန်ရှိခဲ့ပြီး ၎င်းမြေမှာ အသုံးမပြုဘဲ မြေလပ်အဖြစ် ထိုအချိန်က ကျန်ရှိခဲ့ကြောင်းလည်း သိရှိရပါတယ်။

သို့ရာတွင် ၁၉၉၅ ခုနှစ်မှာ အထက်မြန်မာနိုင်ငံ မြေနှင့်အခွန် စည်းမျဉ်းဥပဒေ ၃၄ နဲ့အညီ မြို့ပေါ် ရပ်ကွက်တစ်ခုဖြစ်တဲ့ RTC တိုးချဲ့ကွက်သစ်မြို့အဖြစ် မြို့ကွက်ဖော်ထုတ်ခဲ့ကြောင်း၊ ထိုသို့ ဖော်ထုတ်ရာမှာ ဦးအိုက်ထွန်း ရဲ့ ကျန်ရှိနေတဲ့ မြေဧရိယာ (၁.၅)ဧက အပါအဝင် ဆက်စပ်မြေဧရိယာ (၁၂.၃၉)ဧကမှာ မြေကွက်ပေါင်း(၁၂၂)ကွက် ဖော်ထုတ်ခဲ့ကြောင်း သိရှိရပါတယ်။ ဖော်ထုတ်ရရှိချက်များကို သက်ဆိုင်ရာ အဖွဲ့အစည်းများမှ မြေနေရာ ချထားပေးမှုများလည်း ပြုလုပ်ခဲ့ကြောင်းလည်း သိရှိရပါတယ်။ ဦးအိုက်ထွန်း ရဲ့ မြေဧရိယာ (၁.၅)ဧကကို မြို့ကွက်အဖြစ် ဖော်ထုတ်တဲ့အခါမှာတော့ လမ်းမြေအဖြစ် (၀.၁၄)ဧက ပါဝင်သွားခဲ့ပြီးတော့ အိမ်ရာကွက်အဖြစ် (၇)ကွက် ဖော်ထုတ်ခဲ့ကြောင်း သိရှိရပါတယ်။ ဦးအိုက်ထွန်း မှာ ၎င်းမြေများ မြို့ကွက်မြေအတွင်း ပါဝင်သွားခဲ့မှုနဲ့ပတ်သက်ပြီးတော့ ပြန်လည်ရယူလိုကြောင်း တင်ပြခဲ့မှုအပေါ် လားရှိုးခရိုင် ၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်ပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့သို့လည်း တင်ပြခဲ့ပါတယ်။ ဒီလို တင်ပြချက်အရ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက် နေ့စွဲပါ စာအမှတ် ၁၃၇၉၈ /၅-၁၇၀/အစရ (ရှမ်း) အဖြစ် လက်ရှိ လားရှိုးမြို့ပေါ်မှာဖော်ထုတ်လျက်ရှိတဲ့ ထင်းရှူးမြိုင်ကွက်သစ်မှာ မြေကွက် (၆၀ x ၆၀) မြေကွက်(၂) ကွက် ချထားပေးရန် ညွှန်ကြားမှုကြောင့် ခရိုင်၊ မြို့ပြစနစ် စီမံကိန်း အကောင်အထည်ဖော်ရေး ကော်မတီကနေပြီးတော့ ဦးအိုက်ထွန်း အမည်နဲ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မှာ ယာယီ မြေပေး အမိန့် မြေကွက်(၂)ခုအတွက် ချထားပေးခဲ့ကြောင်း သိရှိရပါတယ်။

သို့သော်လည်း ယာယီ မြေပေးအမိန့်များ ချထားခဲ့စဉ်မှာ ဦးအိုက်ထွန်း အား ဆက်သွယ်၍ မရရှိခဲ့တဲ့အတွက် ပေးအပ်နိုင်ခဲ့ခြင်း မရှိသော်လည်းပဲ ယခု ဆက်လက် စုံစမ်းဆက်သွယ်တဲ့ အခါမှာတော့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်နေ့မှာတော့ ဦးအိုက်ထွန်း ကိုယ်တိုင် မြေပေးအမိန့်တွေကို လာရောက် လက်ခံရယူသွားပြီး ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ သို့ပါ၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဟာ လားရှိုးမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်နေ ဦးအိုက်ထွန်း ရဲ့ လယ်နဲ့ခြံမြေများအတွက် နစ်နာမှု လျော်ကြေးအဖြစ် ထင်းရှူးမြိုင်ရပ်ကွက်မှာ ပေ(၆၀x၆၀) မြေကွက်(၂) ကွက်ကိုလည်း အစားထိုး ပြန်လည်ပေးအပ်ပြီး ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ ရုပ်နားကြောင်းနှင့် (၃၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ရုပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၃၈) ရက်မြောက် နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၇)ရက်မြောက်နေ့ကို ၁၁း၀၈ နာရီအချိန်တွင် ရုပ်နားပါသည်။]